# ခေတ်လွှမ်း

## သတင်းလွှာ




- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ



အတွဲ(၄)၊အမှတ်(၃၀)။

၂၀၁၀ ခုနှစ်၊ဇူလိုင်လ(၉)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## အဆင့်မြင့်စက်သုံးဆီများတင်သွင်းမည်ဟုဆို

ဆီတင်ခွင့်ရကုမ္ပဏီများအနေဖြင့် ဈေးကွက်ဝေစုရရှိရေးအတွက် အဆင့်မြင့်ဓာတ်ဆီ Octane နှင့် အဆင့်မြင့်ဒီဇယ်HSD များယခုလမှ စ၍ တင်သွင်းရန်ပြင်ဆင်နေကြောင်း ဆီတင်သွင်းခွင့်ရကုမ္ပဏီတစ်ခု၏ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ပုဂ္ဂလိက ကုမ္ပဏီများသို့ ဓာတ်ဆီအကန့်အသတ်မရှိ တင်သွင်းခွင့်ပြုခဲ့ပြီးနောက် ကုမ္ပဏီများအနေဖြင့်ဓာတ်ဆီ ထက်ပိုမိုတွက်ခြေကိုက်သော အဆင့်မြင့် ဓာတ်ဆီ Octane တင်သွင်း၍? ဆီဆိုင်များတွင် အပြိုင်အဆု?ိင်ရောင်းချရန် ပြင်ဆင်နေသည်ဟု ၎င်းကဆိုသည်။ လေအေးပေးစက်ဖွင့်မောင်း ရသည့် မော်လ်ဒယ်မြင့် ကားများတွင် ပေါက်ကွဲအားပြင်းထန်သည့် Octane ကို သုံးစွဲရပြီး ဂရိတ်အားဖြင့် ၈၇၊ ၈၉၊ ၉၅၊ ၁?၀၀အထိရှိကြောင်း၊လက်ရှိ Octane ကိုကမ္ဘာအေးဘုရားလမ်း ရှိ နယူးဒေးဆီဆိုင်တွင် တစ်ဂါလန် ၃၅၀၀ကျပ်နှင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။ ဓာတ်ဆီကဲ့သို့ပင် HSD (ဆာဖာ) ( High Speed Diesel) ခေါ် ဆာဖာ ( ကန့်)ပါဝင်မှုရာခိုင် နှုန်းပေါ်မူတည်၍ ဆီဂရိတ်ခွဲခြားထားပြီး နံပါတ် 1D၊ 2D ၊3D ၊4D များကိုလည်း တင်သွင်းရန်ရှိကြောင်း၊ ဒီဇယ်ကို ပင်လယ်ကူးသင်္ဘောကြီးများတွင် သုံးစွဲသည့် ဆီ၊ ကုန်တင်ယာဉ်များ တွင် သုံးစွဲသည့်ဆီဟူ၍ ယေဘုယျအားဖြင့် ခွဲခြားထားကြောင်းဆီတင်သွင်းနေသည့် ရောရွှေဝါနှင့် ရွှေယမုံ ကုမ္ပဏီတို့၏ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ဈေးကွက် လိုအပ်ချက် နှင့်အညီ တင်သွင်းသွားမည်ဟုလည်း၎င်းကဆိုသည်။ ဖွန်လ ၁၀ရက်နေ့မှစ၍ ပုဂ္ဂလိကဆီဆိုင်များ နိုင်ငံတဝန်းဖွင့်လှစ်ခွင့်ရလာပြီးနောက် ဆိုင်အပြင်အဆင်၊ ဝန်ဆောင်မှု၊ အမျိုးသမီး ဝန်ထမ်းခန့်ထားမှုအပါအဝင် ပြိုင်ဆိုင်မှုပြင်းထန်ကာ ယခုအဆင့်မြင့်ဆီများသွင်း၍ ဈေးကွက်ဝေစုရရန် ယှဉ်ပြိုင်လာကြခြင်းလည်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင် ၅ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် မတည်ငွေရင်း ငါးဆတိုးမြှင့်မည်

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်အတွင်းဘဏ်၏ခွင့်ပြုမတည်ငွေရင်းကိုယခင်နှစ်ထက်ငါးဆပမာဏရှိသည့်ကျပ်သန်းတစ်သောင်း သို့ ၂၀၁၀ပြည့်နှစ်မှစတင်၍ တိုးမြှင့်ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း အဆိုပါလီမိတက်၏ အတွင်းရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။ ဘဏ်ရဲ့ကိုယ်ပိုင် အရင်းအနှီးတောင့်တင်းမှ "ဘဏ်အပေါ်ယုံကြည်မှုရှိ လာမှာပါ" ဟု? ၎င်းကဆိုသည်။ မြန်မာ့စက်မှုလက်?မှုဖွံ့ဖြိုးရေးဘဏ်က ၂၀၀၉-၂၀၁?၀ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုကို? ယခင်ဘဏ္ဍာနှစ်ထက် ဒသမ ၅ ရာခိုင်?နှုန်းတိုးမြှင့်ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာ တစ်စုလျှင် ၂၂ဒသမ ၅ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီးအမြတ်ငွေကျပ် ၁၁၂, ၅၀၀ ကို ယခုလ၂၈ ရက်နေ့မှ စ?တင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးထံမှ သိရသည်။ "ဘဏ်ရဲ့ အဓိက ဝင်ငွေရနိုင?်တဲ့ ဈေးငွေတွေပိုထုတ်ပေးနိုင်ခဲ့သလို ငွေပို့/ငွေလွှဲ လုပ်ငန်းတိုးတက်အောင်လုပ်နိုင်ခဲ့တဲ့အတွက် အခုလိုတိုးမြှင့်ပြီးပေးနိုင်တာပါ" ဟု မြ?န်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးစိုးသိန်းက ဆိုသည်။ အဆိုပါအစုရှယ်ယာတစ်စုလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် အစုရှယ်ယာပေါင်း နှစ်သောင်းသတ်မှတ်ထားရာ ၂၀၁၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ အပြည့် အဝ ထည့်ဝင်ပြီး အစုရှယ်ယာအရေအတွက် ၁၃,၉၃၆ စုရှိကြောင်း၊ယခုနှစ်အတွက်အမြတ်ခွဲဝေပေးရန် ငွေမှာကျပ်သန်းပေါင်း ၈၆၃ ဒသမ ၈၂ ဖြစ်ကြောင်းအဆိုပါဘဏ်၏နှစ်ပတ်လည် အစီရင်ခံစာအရ သိရသည်။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဝင်ငွေစုစုပေါင်းမှာ ကျပ် ၆၆၅၆ဒသမ ၈၆ သန်းဖြစ်ပြီး အသားတင်ဝင်ငွေမှာ ကျပ် ၂၃၂၇ ဒသမ ၃၂ သန်းဖြစ်ကြောင်း၊ ယင်းအသားတင် ဝင်ငွေမှအထွေထွေ သီးသန့်ရန်ပုံငွေ၊ အကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေ၊ အရေးပေါ်သီးသန့်ရန်ပုံငွေများကိုခွဲဝေထားရှိကြောင်း ယင်းအစီရင်ခံစာတွင်ဖော်ပြထားသည်။ ယင်းဘဏ်အနေဖြင့် အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုခွဲဝေရာတွင် ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ၄၅ ရာခိုင်နှုန်းစသဖြင့်နှစ်အလိုက်တိုးမြှင့်ပေးခဲ့ရာ ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ်တွင် ၁၉ ရာခိုင်နှုန်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ၂၂ ရာခိုင်နှုန်းတို့သို့အသီးသီး တိုးမြှင့်ပေးခဲ့ကြောင်း အစီရင်ခံစာ စာရင်းများအရ သိရသည်။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ ခုနှစ်တွင်စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာယင်းအချိန်ကဘဏ်၏ခွင့်ပြုမတည် ရင်းနှီးငွေမှာ ကျပ်သန်းနှစ်ထောင်ဖြစ်ပြီး အစုအားဖြင့်၄၀၀၀ စုသတ်မှတ်ခဲ့ကြောင်း၊ ထိုမှ၂၄.၁၀.၂၀၀၈ ရက်နေ့တွင် မတည်ငွေ ရင်းကျပ်သန်း ငါးထောင်၊ ယင်းနောက်၂၇.၁.၂၀၁၀ ရက် နေ့တွင် ကျပ်သန်းတစ်သောင်းသို့ အသီးသီးတိုးမြှင့်ပြင်ဆင်ခဲ့ရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်ကုန်အထိ အစုရှယ်ယာတစ်စုလျှင် ကျပ် ငါးသိန်းဖြင့် အစုရှယ်ယာပေါင်း ၁၃,၉၃၆စုရောင်းချခဲ့ ပြီး ထည့်ဝင်ပြီးမတည်ငွေ ရင်း စာရင်းအရ ကျပ် ၆၉၆၈ သန်းရှိနေပြီဖြစ်ကြောင်း၊ ကျပ်သန်းပေါင်းတစ်သောင်းကို အစုရှယ်ယာဝင်ပေါင်း နှစ်သောင်းသတ်မှတ်ထားကြောင်း၂၀၁၀ခုနှစ် ဇူလိုင်လ ၅ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်မြို့ရှိ ဈေးအားလုံးမှ ဆိုင်ခန်းများတွင် ကိုယ်ပိုင်မီတာတပ်ဆင်ခွင့် လုံးဝခွင့်မပြုတော့

ရန်ကုန်မြို့တော် စည်ပင်သာယာပိုင် ဈေးအားလုံးမှ ဆိုင်ခန်းများတွင် ကိုယ်ပိုင်မီတာ တပ်ဆင်ခွင့် လုံးဝခွင့်မပြုတော့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အရှေ့ပိုင်းခရိုင်မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးထံမှ သိရသည်။ အဆင့်မြင့်ဈေးကြီးများ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နောက်ပိုင်းတွင် အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပေါ်စေရန် ရည်ရွယ် ၍ ဆိုင်ခန်းတစ်ခန်းချင်းသုံး ကိုယ်ပိုင်မီတာများကို တပ်ဆင်ခွင့်မပေးတော့ခြင်းဖြစ်ကြောင်း သိရသည်။ " ဒီကိစ္စနဲ့ ပတ်သက်ပြ?ီး ဖွန်လ နောက်ဆုံးပတ်မှာအစည်းအဝေးလုပ်ကြပါတယ်။ နောက်ပိုင်း ဘယ်ဈေးကိုမှ ကိုယ်ပိုင်မီတာ မပေးတော့ဘူး။ မြို့တော်စည်ပင်ကနေ ချပေးထားတဲ့ မီးတွေကိုပဲ စနစ်တကျ သုံးစွဲကြရမှာပါ " ဟု ယင်းကရှင်းပြသည်။ ယင်းကိုယ်ပိုင်မီတာ တပ်ဆင်ခွင့်ကို သက်ဆိုင်ရာစည်ပင်ဈေးရုံးရှိ တာဝန်ခံ၏ ထောက်ခံချက်ပါရှိမှသာလျှင် မီတာတပ်ဆင်ခွင့်ရှိမည်ဖြစ်သောကြောင့် ခိုးယူတပ်ဆင်မှုများ ဖြစ်ပေါ်မည်မဟုတ်ကြောင်း၊ ယင်း ကိစ္စရပ်များကို ဇူလိုင်လမှစတင်၍ တင်းကျပ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ " ဒီကိုယ်ပိုင် မီတာမပေးတော့ခြင်းအားဖြင့်မီးလောင်မှုတွေ လျော့ချသွားနိုင်မှာဖြစ်ပါတယ်။ ရေရှည်ကောင်းဖို့ အတွက်ချည်းပါပဲ " ဟု ယင်းက ထပ်မံဆိုသည်။ ဈေ?းဆိုင်ခန်းများတွင် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ သီးသန့်ကိုယ်ပိုင်မီတာ တပ်ဆင်သုံးစွဲမှု များပြားလာပါက လျှပ်စစ်လုံခြုံရေးကို ထိန်းချုပ်ရန် ခက်ခဲပြီး မီးလောင်မှုအန္တရာယ် ဖြစ်ပေါ်လာနိုင်သဖြင့် ကိုယ်ပိုင်မီတာများ တပ်ဆင်ခြင်းကို ခွင့်မပြုတော့ကြောင်း ဈေးသူဈေးသားများအားသိရှိလိုက်နာ ဆောင်ရွက်ရန် နှိုးဆော်ထားသည်ဟု ရန်ကုန်မြို့တော်စည်ပင်မှ သိရှိရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၆ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## တရုတ်ယွမ်ငွေတန်ဖိုးမြှင့်တင်လိုက်ပါက တရုတ်-မြန်မာ ကုန်သွယ်ရေးအပေါ် သက်ရောက်မှုအထိုက်အလျောက်ရှိလာနိုင်

ဇွန်လအတွင်း ထုတ်ပြန်ခဲ့သော တရုတ်နိုင်ငံမှ ယွမ်ငွေနှင့်ပတ်သက်၍ နှုန်းရှင်သတ်မှတ်ပေးမည်ဟူသော ကြေညာချက်နောက်ပိုင်းတရုတ်နိုင်ငံနှင့်ကုန်သွယ်သောကုန်သွယ်ဖက်နိုင်ငံများ၏ စတော့အိတ်ချိန်းနှင့် ငွေကြေးဈေးကွက်များအတွင်း လှုပ်ခတ်မှုရှိနေကြောင်း သိရှိရပြီး မြန်မာ-တရုတ် ကုန်သွယ်မှုအပေါ်တွင်လည်း အလားတူ သက်ရောက်မှု ရှိလာနိုင်ကြောင်း သိရှိရသည်။ "တရုတ်ယွမ်ငွေတန်ဖိုး နှုန်းရှင် ထားမယ်ဆိုတော့တစ်ကမ္ဘာလုံးက ငွေကြေးဈေးကွက်နဲ့အရင်းအနှီးဈေးကွက်မှာလှုပ်ခတ်မှုတွေ တော်တော်များများဖြစ်နေတယ်။ မမြှင့်လို့မရတဲ့ အခြေအနေမျိုး ရောက်နေလို့ ဒီလို မြှင့်ပေးရတာဖြစ်တယ်။ ဒါပေမယ့် သူ့ရဲ့ပို့ကုန်ဈေးကွက်ကို မထိခိုက်အောင် နှုန်းရှင်ဆိုပေမယ့် အများကြီး မတက်အောင်ထိန်းမှာပါ။ မြန်မာနိုင်ငံကလည်း တရုတ်နဲ့ကုန်သွယ်မှု များတဲ့အတွက် သက်ရောက်မှုတော့ ရှိမယ်။ ပို့ကုန်အတွက် ပိုကောင်းလာပေမယ့် သွင်းကုန်မှာလျော့လာနိုင်တယ်။ ပို့ကုန်သမားက မက်လုံးရှိတဲ့အတွက် ပိုကြိုးစားလာနိုင်တယ်။ သွင်းကုန်နည်းသွားနိုင်တယ်။ ဖြန်းအားရှိမှ ဝယ်မယ့်သဘော ဖြစ်လာနိုင်တယ်။ အပြောင်းအလဲဖြစ်စမှာ လှုပ်ခတ်မှု နည်းနည်းရှိပေမယ့် သုံးလေးလကြာသွားရင် ဈေးကွက်လိုအပ်ချက်ပေါ် လိုက်ပြီးတည်ငြိမ်သွား မှာပါ။ ယွမ်ငွေတန်ဖိုးမြှင့်တာကို ကြောက်ဖို့မလိုဘူး။ ကုန်သွယ်မှု တွန်းအားပေးနိုင်တဲ့ ကိစ္စတစ်ခုလို့ မြင်တယ်။ မြန်မာဘက်က ပို့ကုန်လည်း ပိုများလာနိုင်တယ်။ များလာနိုင်တဲ့ အခွင့်အလမ်းလည်း ရှိတယ်လို့ ယူဆထားတယ်"ဟုစီးပွားရေး စီမံခန့်ခွဲမှုပါမောက္ခ(ငြိမ်း)ဒေါ်လှမြင့်ကထင်မြင်ချက်ပေးခဲ့သည်။ AMBO Co., Ltd ဥက္ကဋ္ဌ ဒေါက်တာ နေ?ဇင်လတ်ကလည်း "တရုတ်ယွမ်ငွေက? နှုန်းရှင်သတ်မှတ် လိုက်တဲ့အတွက်အတက်အကျ ရှိလာမှာပါ။ လောလောဆယ်မှာဖွံ့ဖြိုးဂဏန်းလောက်ပဲ အတက်ပြနေ သေးပေမယ့် ၁၀ ရာခိုင်နှုန်းလောက် ဈေးမြှင့်ပြီး ကြိုကာတဲ့သူလည်း ရှိတယ်။တကယ်တမ်းတော့လပိုင်းလောက်အတွင်းမှာဒီလောက်အထိတန်ဖိုးတက်လာစရာမရှိပါဘူး။ ဒါပေမယ့် တရုတ်က အင်အားတောင့်လာတယ်။ စီးပွားရေးကလည်း မာလာတဲ့ အနေအထားဆိုတော့ ရေရှည် မှာ ယွမ်ငွေတန်ဖိုး တက်လာနိုင်ပါ တယ်။ မြန်မာနဲ့ ကုန်သွယ်ရေးအနေနဲ့လည်း ပို့ကုန်သာပြီး သွင်းကုန်ကျ လာနိုင်တယ်။ ယွမ်ဈေးတက်တာကြောင့် တရုတ်ကြီးစိုးထားတဲ့ပို့ကုန် ဈေးကွက်ကိုတခြားနိုင်ငံလေးတွေပိုဝင်တိုးလာနိုင်ပြီးတရုတ်ပြည်ကိုတင်ပို့နေတဲ့ ပို့ကုန်လုပ်ငန်းတွေ အနေနဲ့လည်း အကျိုးအမြတ် ပိုများလာနိုင်တယ်"ဟု သုံးသပ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပုံမှန်ကုန်သွယ်ရေးအပြင် နယ်စပ်ကုန်သွယ်ရေး အနေဖြင့်ပါ နှစ်မျိုးလုံးနှင့် ကုန်သွယ်မှုပြုနေပြီး အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်ယွမ်ငွေကိုသာ အသုံးပြုပြီး ပုံမှန်ကုန်သွယ်ရေးတွင်မူ ဒေါ်လာ၊ ယူရို၊ ယွမ်ငွေများကို အသုံးပြု၍ ကုန်သွယ်မှုပြုနေကြောင်းနှင့် ယင်းကဲ့သို့ ယွမ်ငွေ တန်ဖိုးမြင့်လာသောကြောင့် မြန်မာပို့ကုန် လုပ်ငန်းရှင်များအတွက် ငွေကြေးပြန်ဖော်ရာတွင်ဈေးကောင်း ရနိုင်ကြောင်း သုံးသပ်မှုများရှိနေသည်။ "ယွမ်ငွေတန်ဖိုးမြင့်တော့ ပို့ကုန်သမားတွေ ကိုက်တယ်။ ဒါပေမယ့် သွင်းကုန်မှာတော့ ယွမ်ငွေတန်ဖိုးမြင့်နေရင် တရုတ်ပစ္စည်းက ဈေးကြီးလာနိုင်တယ်။ အရင်လောက် ဈေးလျော့ မှာမဟုတ်ဘူး။ တစ်ခုတော့ရှိတာပေါ့၊ တရုတ်က ဝိတ်လျော့ပြီးထုတ်ထားတာကိုဝယ်တယ်ဆိုတာ ဈေးသက်သာလို့၊ ဈေးမြင့်ရင်တော့ထိုင်းပစ္စည်းကိုပဲလှည့်သုံးကြမယ်ထင်တယ်။ ဈေးကွက်အခြေအနေတစ်ခုတော့ ပြောင်းလဲသွားမှာပေါ့"ဟုလုပ်ငန်းရှင်တစ်ဦးကပြောပြခဲ့ကြောင်း၂၀၁၀ခုနှစ်ဇူလိုင်လ၇ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ် မြန်မာ - စင်ကာပူ ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ ဘီလျံ ရရှိ

၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ် မြန်မာ - စင်ကာပူ ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ ဘီလျံ ရရှိပြီး ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံပြီးပါက တတိယအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။ မြန်မာ - စင်ကာပူ ကုန်သွယ်မှုမှာ ၂၀၀၈ - ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ၁.၉၁ ဘီလျံ ရရှိခဲ့သောကြောင့် ယခုနှစ်ကုန်သွယ်မှုမှာ ယခင်နှစ်ကထက် အနည်းငယ်ကျဆင်းခဲ့သော်လည်း တတိယအများဆုံး ကုန်သွယ်ဖက်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ၁.၈ ဘီလျံ ရှိခဲ့ရာတွင် စင်ကာပူနိုင်ငံသို့ တင်ပို့မှု ၆၇၁ သန်း ရှိပြီး တင်သွင်းမှု ၁.၁၉၈ ဘီလျံရှိခဲ့ကာ စင်ကာပူဘက်မှ ကုန်သွယ်မှု အသာစီးရထားကြောင်း သိရှိရသည်။ ထို့အတူ ၂၀၀၈ - ၂၀၀၉ ဘဏ္ဍာရေးနှစ် ကုန်သွယ်မှုပမာဏ ၁.၉၁ ဘီလျံတွင်လည်း မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ တင်ပို့မှု ၈၅၈.၉၅ သန်းရှိပြီး စင်ကာပူနိုင်ငံမှ ပြန်လည်တင်သွင်းမှု ၁.၀၅ ဘီလျံ ရှိခဲ့ကြောင်း သိရှိရသည်။ နိုင်ငံတကာကုန်သွယ်ရေးတွင် အာရှနိုင်ငံများသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှု၏ ၉၀% ရှိကြောင်း၊ ယင်းအနက် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ၅၁.၃% ရှိပြီး အီးယူနိုင်ငံများနှင့် ကုန်သွယ်မှု ၄.၈% ရှိကြောင်း၊ အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုမှာမူ ၁.၅% ရှိကြောင်း သိရှိရသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ သဘာဝဓါတ်ငွေ့၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်းများ တင်ပို့နေပြီး စင်ကာပူနိုင်ငံမှ စက်ပစ္စည်း၊ ရေနံစိမ်း၊ စားသုံးဆီ၊ ဆေးပစ္စည်း၊ ဘိလပ်မြေ၊ဓါတ်မြေသြဇာနှင့် စားသောက်ကုန်ပစ္စည်းများ တင်သွင်းနေကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၇ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## မြန်မာနိုင်ငံ၌ မရှိသေးသော ပိတောက်ပန်းအနီရောင်မျိုးများ စိုက်ပျိုးရေးဈေးကွက်ဝင်လာ

မြန်မာနိုင်ငံ၌ မရှိသေးသော ပိတောက်ပန်းအနီရောင်မျိုးသစ်များကိုမြန်မာနိုင်ငံသို့တင်သွင်းလာပြီဖြစ်ကြောင်း၊မြန်မာနိုင်ငံရှိပိတောက်အဝါမျိုးဖြင့်မျိုးစပ်ထားခြင်းဖြစ်ကြောင်း မာလာမြိုင် စိုက်ပျိုးရေးလုပ်ငန်းစု၏ တာဝန်ရှိသူတစ်ဦးက ၃၀-၆-၂၀၁၀ရက်က ပြောသည်။ ပိတောက်အနီမျိုးမှာ ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းခြင်းဖြစ်သည်။ အပင်ကြီးမျိုးဖြစ်ပြီးအပွင့်ပုံစံမှာလည်း မြန်မာပိတောက်ဝါကဲ့သို့ပင် ဖြစ်သည်။ မြန်မာပိတောက်မှာ အပွင့်အား ပိုကောင်းသည်။ မျိုးစပ်ထားသော ပိတောက်အနီမှာ မြန်မာ့ပိတောက်၏ အရွက်ထက် အနည်းငယ်သေးသည်။ မြန်မာပိတောက်ကဲ့သို့ပင် အပင်အရွယ်ရောက်မှ ( ခုနစ်နှစ်ခန့်ကြာမှ) ပွင့်သည်။ "ဒီလုပ်ငန်းကို လုပ်လာတာ ၁၅ နှစ်လောက် ရှိပါပြီ။ ထိုင်းနိုင်ငံက မျိုးစပ် စိုက်ပျိုးတဲ့သူက မျိုးအသစ်ထွက်ပြီဆိုတာနဲ့ အန်တီတို့ဆီကို အကြောင်းကြားတယ်။ ဒီပိတောက်အနီမျိုးကိုတင်သွင်းထားတာတော့ တစ်နှစ်လောက်ပဲရှိသေးတယ်။ အပင်ကအပင်ပေါက်တွေသွင်းထားတာ။ မပွင့်သေးလို့ရောင်းတော့မရောင်းသေးဘူး။ အပင်ကြီးမျိုးဆိုတော့ မြေမှာချစိုက်ရင်ပိုပြီးဖြစ်လွယ်တယ်။ ထိုင်းနိုင်ငံမှာစိုက်ထားပြီးပွင့်နေတာတွေကိုတော့တွေ့ခဲ့တယ်။ ဒီမှာကစိုက်တာက အပင်နှစ်နှစ်သားပဲရှိသေးတယ်"ဟုၦင်းကရှင်းပြသည်။ ရန်ကုန်မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအချို့လည်းၦင်းပိတောက်အနီကိုတင်သွင်းထားပြီးဖြစ်ကြောင်း၊ထိုသို့တင်သွင်းရာတွင် မြဝတီမှတစ်ဆင့်တင်သွင်း ခြင်းဖြစ်ကြောင်း၊ နှစ်ပေခန့်ရှိသော ပိတောက်အနီပျိုးပင်မှာကျပ်၄၀၀၀ခန့်ရှိကြောင်း၊အပင်အရွယ်အစားပိုကြီးပါကဈေးနှုန်းအပြောင်းအလဲရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင် ၈ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန်ဖုန်း လျှောက်ထားသူ နှစ်ဆကျော်ခန့်ရှိလာ

၂၁.၆.၂၀၁၀ ရက်မှစ၍ ငွေကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို ၂၄ နာရီအတွင်း လျှောက်ထားနိုင်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကသတ်မှတ်ပြီးနောက်လာရောက်လျှောက်ထားသူ ယခင်ကထက် နှစ်ဆကျော်ခန့်ရှိလာကြောင်း ၂၉.၆.၂၀၁၀ ရက်က သိရသည်။ ယခင်က တစ်ရက်လျှင် လိုင်း ၃၀၀ ကျော်ခန့် လျှောက်ထားရာမှ ယခုအခါ လိုင်း ၆၀၀၊ ၇၀၀ နှင့် အချို့နေရာများတွင် ၁၀၀၀ ကျော်ခန့်လာရောက်လျှောက်ထားကြောင်း သိရသည်။ ကျပ်ငါးသိန်းတန်CDMA 800 MHz ဖုန်းများအားမြို့နယ်အလိုက်လျှောက်လွှာတင်သွင်းရမည့် အိတ်ချိန်းလေးနေရာနှင့် စာတိုက်လေးနေရာ စုစုပေါင်း ရှစ်နေရာနှင့် ဖုန်းကတ်ထုတ်ပေးမည့် အီလိုက်တက် အရောင်းစင်တာ ငါးနေရာသတ်မှတ်ထားသည်။သတ်မှတ်ထားသော စာရွက်စာတမ်းနှင့် အချက်အလက်များ ပြည့်စုံပါက ၂၄နာရီအတွင်း ရယူလျှောက်ထားနိုင်မည်ဖြစ်ပြီး သတ်မှတ်ထားသော နေရာရှစ်နေရာနှင့် နီးစပ်သောမြို့နယ်များမှ ဖုန်းလျှောက်ထားလိုသူများအနေဖြင့် ၄င်းသတ်မှတ်နေရာ၌ အလွယ်တကူ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဖုန်းများကို အချို့သော ပြည်နယ်နှင့် တိုင်းဒေသများတွင် စတင်ချထားပေးကတည်းက ၂၄နာရီအတွင်း ရရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ " အချို့နေရာတွေမှာ နေ့ချင်းပြီးတစ်ထိုင်တည်း လုပ်ပေးတာတောင်ရှိတယ် "ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ရန်ကုန်၊ မန္တလေးမှအပ အခြားပြည်နယ်နှင့်တိုင်းများတွင်ချထားပေးသောကျပ်ငါးသိန်းတန်ဖုန်းများမှာ CDMA450MHzဖြစ်ပြီးရန်ကုန်နှင့်မန္တလေးတွင်ချထားပေးသည့်CDMA800MHzနှင့်ကြိမ်နှုန်းကွာခြားကြောင်းသိရသည်။လက်ရှိလာရောက်လျှောက်ထားသူများမှာအထိုင်ဖုန်းအဖြစ်အသုံးပြုရန်ထက် GSM ကဲ့သို့ သွားရာသယ်ဆော?င်သွားနိုင်ရန် ရည်ရွယ်၍ လေ?ျာက်ထားခြင်းများကြောင်း၊ ထိုကဲ့သို့ အသုံးပြုခြင်းများကြောင့် လိုင်းကျပ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုဘိုင်းဖုန်းပညာရှင်တစ်ဦးက သုံးသပ်ခဲ့သည်ဟု ၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်များတွင် အွန်လိုင်းဘဏ်စနစ်အသုံးပြုမည်

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်များတွင် Online ဘဏ်စနစ် အသုံးပြုသွားမည်ဖြစ်ကြောင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် လီမိတက်ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဇွန်လ ၂၆ရက်က မြန်မာနိုင်ငံဘဏ်များအသင်းတွင် ပြုလုပ်သောမြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၁၅ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၌ပြောသည်။"ကျွန်တော်တို့မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်တွေမှာ အွန်လိုင်းဘဏ်စနစ်အသုံးပြုမှာဖြစ်ပါတယ်။ ဒီအတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ကွန်ပျူတာစနစ်၊ Network တည်ဆောက်ရေးစနစ်တွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါတွေကို ရှေ့လုပ်ငန်းစဉ်တွေအနေနဲ့ ချမှတ်ထားပါတယ်" ဟုၦင်းကပြောသည်။ ၦင်းကဲ့သို့ အွန်လိုင်းဘဏ်စနစ်အသုံးပြုရန် ယခုလက်ရှိတွင်ဘဏ်ခွဲများအားလုံး၌ ADSL လိုင်းများတပ်ဆင်ပြီး စာရင်းပို့၊ စာရင်းယူလုပ်ငန?်းများကို လုပ်ဆောင်လျက်ရှိကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့်လည်းနေ့စဉ်၊ အပတ်စဉ်၊ လစဉ် စာရင်းပေးပို့ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် Banking Networkနှင့်ချိတ်ဆက်ပြီး စမ်းသပ်ပေးပို့နိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ အွန်လိုင်းဘဏ်စနစ်ကို ယခုလက်ရှိတွင် နိုင်ငံပိုင်ဘဏ်များအနက်၊ ရန်ကုန်မြို့ရှိမြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၅) ၊ ငွေစုဘဏ်ခွဲ(၃?)၊ မန္တလေးဘဏ်ခွဲ(၁)၊ဘဏ်ခွဲ(၂)၊ နေပြည်တော်ဘဏ်ခွဲတို့၌ အသုံးပြုနေပြီး ပုဂ္ဂလိကဘဏ်အချို့လည်း အွန်လိုင်းဘဏ်စနစ်အသုံးပြုရန်ရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၈ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာတစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် အရေအတွက်မှာ ၁၅၉ ခုအထိ ရှိလာပြီး အာဆီယံဒေသတွင်းနိုင်ငံများတွင် အများဆုံးဖြစ်ကြောင်းသိရ

မြန်မာတစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ၊ ဒီဂရီကောလိပ် အရေအတွက်မှာ ၁၅၉ ခုအထိ ရှိလာကြောင်းသိရှိရသည်။ၦင်းသို့မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖွင့်လှစ်သင်ကြားပေးနေသော တက္ကသိုလ်၊ ကောလိပ် နှင့် ဒီဂရီကောလိပ်များ၏ အရေအတွက် စုစုပေါင်းသည် အာဆီယံဒေသတွင်း နိုင်ငံများတွင် အရေအတွက် အများဆုံး ဖြစ်ကြောင်း သိရှိရသည်။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် အရေအတွက် ၁၅၉ ခုတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် အရေအတွက်မှာ ၁၃၉ ခု၊ အခြားဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ် ကောလိပ်နှင့် ဒီဂရီကောလိပ် အရေအတွက်မှာ ၂၀ ခု ဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂ?ရီကောလိပ်အများစုမှာ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တည်ရှိကြပြီး ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမ အင်အားမှာလည်း အများဆုံး ရှိနေကြောင်း သိရသည်။ ရန်ကုန်တိုင်းတွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန် ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန နှင့် အခြားဝန်ကြီးဌာနများလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် အရေအတွက်မှာ ၃၂ ခုရှိနေပြီး ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်နှင့် ကောလိပ် အရေအတွက်မှာ ၁၂ခုဖြင့် အများဆုံးတည်ရှိကြောင်း သိရသည်။ မန္တလေးတိုင်းတွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန နှင့် အခြားဝန်ကြီးဌာနများ လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် အရေအတွက်မှာ ၂၈ ခု ထိရှိပြီး သိပ္ပံနှင့်နည်းပညာ ဝန်ကြီး ဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ကောလိပ်အရေအတွက်၁၄ခုရှိပြီးအများဆုံးဖြစ်နေကြောင်း သိရသည်။ တက္ကသိုလ်အများစုတွင် ဘာသာရပ်အသစ်များလည်း တိုးချဲ့သင်ကြားပေးနိုင်မှု ရှိလာပြီး ဘာသာရပ်အချို့တွင် သင်ယူနေသည့် ကျောင်းသူကျောင်းသားအင်အားထက် ဆရာဆရာမ အင်အားသည် ဖွဲ့စည်းပုံအရ ပိုမိုများပြားနေသည်ဟု ၂၀၁၀ခုနှစ် ဇူလိုင်လ ၉ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## iPad ဈေးနှုန်းကျပ်တစ်သိန်းကျ

ဈေးကွက်ဝယ်လိုအားကောင်းနေသော Apple မှ ထုတ်လုပ်သည့် iPad ဈေးနှုန်းများ ယခုလ အတွင်း၌ ကျပ်တစ်သိန်းအထိ ကျဆင်းလာခဲ့ကြောင်း ဈေးကွက်တွင်းမှ စုံစမ်းသိရသည်။ ပစ္စည်းပြတ်လပ်သည့်အထိ ရောင်းအားကောင်းခဲ့သည်ဟု ဆိုခြင်းမှာလည်း ဈေးကွက်ဝယ်လိုအားရှိသလောက် တင်သွင်းနိုင်ခြင်းမရှိသေးခြင်းကြောင့်ဖြစ်သည်ဟု အဆိုပါ အရောင်းဆိုင်များက ပြောသည်။ ပစ္စည်းတင်သွင်းမှုမှာ တစ်ကြိမ်လျှင် ၁၀လုံးဝန်းကျင်သာဖြစ်ခြင်းကြောင့် ပစ္စည်း ပြတ်သွားခြင်းဖြစ်ကြောင်း အရောင်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ လက်ရှိ iPad ဝယ်ယူသုံးစွဲသူ?များသည် 3Gနှင့် WiFi နှစ်မျိုးရသည့် ပစ္စည်းများထက် WiFiတစ်မျိုးတည်းရသည့်ပစ္စည်းများကိုဝယ်ယူမှုပိုများကြောင်းSSSဒစ်ဂျစ်တယ်စတိုးမှဒေါက်တာ စောရန်နိုင်ကပြောသည်။ iPad များကို လူငယ်မျာ?းအတွင်းစတိုင်တစ်ခုအနေဖြင့်အသုံးပြုလာသူများရှိသော်လည်းစီးပွားရေးလုပ်ငန်းများတွင်သာသုံးစွဲမှုပိုများနေသေးကြောင်းအထက်ပါ ပုဂ္ဂိုလ်ကပြောသည်။ အစိုးရရုံးများမှ အကြီးအကဲများ မှာလည်း ဈေးကွက်လိုအားရှိနေကြောင်းသိရသည်။ ထို့ကြောင့်ဝယ်ယူသည့် ပုံစံမျိုးစုံရှိနေ၍ ဈေးကွက်ဝယ်လိုအား ပိုတက်လာခဲ့ကြောင်း သိရသည်။ "ဈေးကပစ္စည်းအဝင်နည်းလို့မြင့်နေတာ။ ဇူလိုင်မှာ Apple က?နိုင်ငံတော်တော်များများကိုဖြန့်မယ်လို့ ပြောထားတော့ နောက်လထဲမှာဆိုကျပ်ငါးသောင်းလောက် ထပ်ကျနိုင်သေးတယ်"ဟု ၎င်းကပြောသည်။ "ဝယ်သုံးတဲ့သူ အမျာ?းစုက ဟန်းဖုန်းတွေ၊နုတ်ဘွတ်ခ်တွေရှိပြီးဆိုတော့ နောက်ဆုံးပေါ်ပစ္စည်းတစ်ခုကို ဖက်ရှင်တစ်ခုအနေနဲ့ သုံးလာတဲ့သူတွေများတယ်" ဟု Lucky Bird ကုမ္ပဏီမှ ဒေါ်မေ?ဖြူသွယ်ကပြောသည်။ ပြည်တွင်း၊ပြည်ပနှစ်ခုလုံး၌ စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် ပြည်တွင်း၌ 3G အတွက် အဆင်မပြေသော်လည်း နိုင်ငံခြားခရီးစဉ်များအတွက် မျှော်မှန်း၍ 3Gနှင့် WiFi နှစ်မျိုးရသည့် ပစ္စည်းများကို ဝယ်ယူသူများလည်းရှိကြောင်းသိရသည်။ဈေးကွက်တွင်း၌ပစ္စည်းဝင်ရောက်မှုနည်းသေး၍တစ်ဆိုင်နှင့် တစ်ဆိုင်၏ ဈေးနှုန်းကွာခြားမှုမှာ ကျပ်တစ်သိန်းဝန်းကျင်ထိရှိနေကြောင်းဈေးကွက်တွင်းမှ စုံစမ်းသိရသည်။ WiFiတစ်မျိုးတည်းသာရသော 16GB မှာ ၅၉၉၀၀၀ကျပ်၊ 32GBမှာ ကျပ်ခုနစ်သိ?န်းရှစ်သောင်းကျပ်နှင့် 64GB မှာ ကျပ်ရှစ်သိန်းခွဲရှိနေသေးကြောင်းသိရသည်။ 3Gနှင့် WiFiနှစ်မျ?ိုးရရှိသော iPad မှာ 16GBကျပ်၁၀သိန်းခွဲ၊32GBကျပ်၁၁သိန်းခွဲနှင့် 64GB ကျပ်၁၂သိန်းခွဲဝန်းကျင်ဈေးနှုန်းများရှိနေကြောင်းအဆိုပါအရောင်းဆိုင်များမှစုံစမ်းသိရကြောင်း၂၀၁၀ခုနှစ်ဇူလိုင်၈ရက်နေ့ထုတ်7Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ-ဗီယက်နမ်နယ်စပ်ဖြတ်ကျော် ဖိုက်ဘာဆက်ကြောင်း လာမည့်နှစ်လအတွင်းအသုံးပြုနိုင်တော့မည်

ပြည်တွင်းရှိ အင်တာနက်ဆက်သွယ်မှုလိုင်းများ ပိုမိုမြန်ဆန်လာစေရန်အတွက် မြန်မာ-ဗီယက်နမ် နယ်စပ်ဖြတ်ကျော်ဖိုက်ဘာဆက်ကြောင်းနှစ်ခုအားစတင်သွယ်တန်းနေပြီဖြစ်ပြီး ယခုမှစ၍ နှစ်လတာကာလအတွင်း အသုံးပြုနိုင်မည် ဖြစ်ကြောင်းအဆိုပါလုပ်ငန်း၏ သတင်းအချက်အလက်နှင့်နည်းပညာဌာနမှ အင်ဂျင်နီယာချုပ်ဦးဇော်မင်းဦးကပြောသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယခုကဲ့သို့ ပြည်တွင်းအင်တာနက်ဆက်သွယ်မှု လိုင်းများအတွက် နယ်စပ်ဖြတ်ကျော် ဖိုက်ဘာဆက်ကြောင်းများအားထပ်မံ သွယ်တန်းပေးလိုက်ခြင်းအားဖြင့် တစ်ခါတစ်ရံတွင် ဖြစ်ပေါ်တတ်သည့် SEAMEWE3 Cable ( အရှေ့တောင်အာရှ?အလယ်ပိုင်းနှင့် အနောက်ဥရောပနိုင်ငံများဆက်သွယ်ထားသော ရေအောက်ကေဘယ်လ်ကြိုး) ပြတ်တောက်မှုကြောင့် ဖြစ်ပေါ်လာသော အင်တာနက်ဆက်သွယ်မှု ပြတ်တောက်ခြင်းမျိုးဖြစ်ပေါ်တော့မည် မဟုတ်ကြောင်း ၎င်းက ဆိုသည်။ မကြာမီ အသုံးပြုနိုင်တော့မည့် မြန်မာ-ဗီယက်နမ် နယ်စပ်ဖြတ်ကျော်ဖိုက်ဘာ ဆက်ကြောင်းစီမံကိန်းအား မြန်မာနိုင်ငံနယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့မှနေ၍ စတင်သွယ်တန်းမည်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာနှင့် အိန္ဒိယဖိုက်ဘာဆက်ကြောင်းအပေါ် နှစ်လိုင်းကိုလည်းလာမည့်နှစ်လတာကာလအတွင်း ပြီးသတ်သွယ်တန်းနိုင်အောင် ဆောင်ရွက်မှုများပြုလုပ်နေပြီး ယခုအချိန်တွင်မူရေအောက်ဖိုက်ဘာ ဆက်ကြောင်းဆက်ရန်သာ ကျန်ရှိတော့ကြောင်းသိရသည်။ ယခုလက်ရှိ အချိန်တွင် မြန်မာနိုင်ငံမှ ဆက်သွယ်ထားသော နယ်စပ်ဖြတ်ကျော်ဖိုက်ဘာဆက်ကြောင်းများမှာ မြန်မာ-တရုတ် ဖိုက်ဘာဆက်ကြောင်း ၆ခု၊ မြန်မာ့- ထိုင်း ဖိုက်ဘာဆက်ကြောင်း ၆ခု၊ မပြီးပြတ်သေးသော ဆက်သွယ်မှုများ ဖြစ်သည့် မြန်မာ-အိန္ဒိယဖိုက်ဘာဆက်ကြောင်း ၂ခု၊ မြန်မာ-ဗီယက်နမ်ဖိုက်ဘာဆက်ကြောင်း၂ခုတို့ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၈ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဗီယက်နမ်ဘဏ်လုပ်ငန်း မြန်မာနိုင်ငံမှာ ဘဏ်ဖွင့်ဖို့ စိတ်ဝင်စား

ဗီယက်နမ်က ဘဏ်လုပ်ငန်း BIDV (Bank For Investment and Development of Vietnam) က မြန်မာနိုင်ငံမှာ ဘဏ်ဖွင့်ဖို့ စိတ်ဝင်စားပြီးလက်ရှိမှာကိုယ်စားလှယ်ရုံးခွဲလာဖွင့်ထားတာ တွေ့ရတယ်။ ဘီအိုင်ဒီဗီက ကိုယ်စားလှယ်ချုပ်က Mr.Vuong Thanh Long က " ကျွန်တော့်တို့ မြန်မာနိုင်ငံမှာ ဘဏ်ဖွင့်ချင်ပါတယ်၊ လုပ်ငန်းဘယ်တော့စမလဲ ဆိုတာ သက်ဆိုင်ရာရဲ့ ဆုံးဖြတ်ချက်အပေါ်မူတည်တယ်၊ BIDV က ဗီယက်နမ်အစိုးရရဲ့ အ?ကြီးဆုံးဘဏ်ဖြစ်တယ်၊ နှစ်နိုင်ငံကြားမှာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ရည်ရွယ်တယ် " လို့ ပြောပါတယ်?။ မြန်မာနိုင်ငံမှာ ဗီယက်နမ်?ရင်းနှီးမြှုပ်နှံသူများအဖွဲ့ AVIM (Association For Vietnamese Investors into Myanmar) မှာ ဘီအိုင်ဒီဗီက ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ ဘီအိုင်ဒီဗီအနေနဲ့ သည်မှာ ဘဏ်ဖွင့်ခွင့်ရရင် ငွေပေးငွေယူလုပ်ငန်းတွေ၊ အပ်နှံငွေလက်ခံတာ၊ ငွေချေးတာအပြင် အခြားလုပ်ငန်းတွေ ဆောင်ရွက်မယ်လို့ သိရတယ်။ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်စနစ်တွေမှာ ကွာခြားမှုအနည်းငယ်ရှိတယ်လို့ ဆိုတယ်။ ဘီအိုင်ဒီဗီက ဘဏ်အတွေ့အကြုံ နှစ် ၅၀ ကျော်ရှိပြီး ဝန်ထမ်းတစ်သောင်းခွဲနဲ့ ဘဏ်ခွဲပေါင်း ၁၁၀ ကျော် ရှိတယ်လို့ သိရတယ်။ Mr.Vuong Thanh Long က ဘီအိုင်ဒီဗီက အမေရိကန်ဒေါ်လာ ၁၅ဘီလျံနဲ့ လုပ်ငန်းလည်ပတ်နေပြီး အခြားအဖွဲ့အစည်းတွေဖြစ်တဲ့ BVIM ( BIDV Vietnam-Partner Investment Management Company) နဲ့ စီမံခန့်ခွဲမှု ဖက်စပ်လုပ်ငန်း၊ VID ပုဂ္ဂလိကဘဏ်၊ လာအို - ဗီယက်နမ် ဖက်စ?ပ်ဘဏ် (LVB)၊ ဗီယက်နမ် - ရုရှားဘဏ် (VRB)နဲ့ BIDV အထပ်မြင့် အဆောက်အအုံ ဖက်?စပ်လုပ်ငန်းတွေ လုပ်ကိုင်နေတယ်။ ကမ္ဘောဒီးယားဘဏ်တစ်ခုကို ရင်းနှီးမြှုပ်နှံမှုဘဏ်အဖြစ် (BIDC) ဖွဲ့စည်းထားတယ်လို့ ပြောပ?ါတယ်။ ဘီအိုင်ဒီဗီက မြန်မာန?ိုင်ငံက ဘဏ်တွေနဲ့ ဖက်စပ်လုပ်?ကိုင်ပြီး ငွေကြေးဈေးကွက်မှာ ခေတ်မီတဲ့ နည်းစနစ်တွေနဲ့ လုပ်ကိုင်မယ်လို့ ဆိုတယ်။ BIDV က မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့် တခြားဗီယက်နမ်လုပ်ငန်းရှင်တွေကိုလည်း ချိတ်ဆက်ပေးမယ်လို့ ဆိုခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၉ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အိုင်တီအရောင်းဆိုင် စံသတ်မှတ်ဆောင်ရွက်မည်

အခုနှစ်အတွင်း ပြည်တွင်းဈေးကွက်က အိုင်တီဆိုင်ရာ အရောင်းဆိုင်တွေကို 'မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းအသိအမှတ်ပြုဆားဗစ်စင်တာနှင့် အရောင်းဆိုင်' ဆိုတဲ့ စံလက်မှတ်သတ်မှတ်ပြီး စစ်ဆေးဆောင်ရွက်တော့မယ်လို့သိရပါတယ်။ လုပ်ငန်းရှင်အသင်းအသိအမှတ်ပြုလက်မှတ်မှာ ဈေးနှုန်း၊ အာမခံ၊ ကျွမ်းကျင်ပညာရှင် အရေအတွက်၊ လုပ်ငန်းလည်ပတ်မှု အဆင့်ဆင့်စတာတွေပါဝင်မယ်လို့ဆိုတယ်။ နိုင်ငံတကာမှာ လက်ရှိသွားနေတဲ့ ပုံစံက များသောအားဖြင့် အဖွဲ့အစည်းတွေက အသိအမှတ်ပြုလက်မှတ်ပေးထားကြတဲ့ဆားဗစ်စင်တာတွေရှိတယ်။ MCIA အနေနဲ့ အသင်းဝင်ကုမ္ပဏီတွေအားလုံးနီးပါးကိုစုစည်းပြီး လက်မှတ်ပေးနိုင်ဖို့ လုပ်မယ်လို့ ဆိုတယ်။နိုင်ငံတကာမှာလုပ်ဆောင်နေတဲ့အချက်အလက်တွေကိုလေ့လာနေပြီး အကုန်မတူနိုင်ပေမဲ့ပြည်တွင်းနဲ့ ကိုက်ညီအောင်ဆောင်ရွက်မယ်လို့သိရတယ်။ ကုန်ပစ္စည်းတူရင် ဈေးကွက်ထဲမှာ အားလုံးဈေးနှုန်းတစ်မျိုးတည်းဖြစ်ဖို့ သတ်မှတ်မှာဖြစ်သလို warranty ကာလကို အနည်းဆုံးတစ်နှစ်ပေးရမယ်ဆိုတာတွေပါဝင်လာမှာဖြစ်ပါတယ်။ လက်ရှိမှာအာမခံကိုသုံးနှစ(အခမဲ့)လို့ပေးလေ့ရှိကြပေမဲ့တကယ်တမ်းမှာ သုံးနှစ်အတွင်းတစ်ခုခုဖြစ်ရင် ဆိုင်ကို စက်တစ်ခုလုံးယူလာစေပြီးစမ်းသပ်စစ်ဆေးကာ ဘယ်အစိတ်အပိုင်းပြင်ရမယ်။ ပစ္စည်းခပေးရမယ်၊လက်ခအခမဲ့အမှန်အကန်ပေးဖို့သတ်မှတ်မယ်လို့ဆိုတယ်။ ဆားဗစ်စင်တာ တစ်ခုမှာ technicianဘယ်နှယောက်ရှိရမယ်၊ technician ရဲ့ အရည်အချင်းက အနည်းဆုံးဘယ်ဒီပလိုမာ၊ ဘယ်ဘွဲ့လက်မှတ်ရပြီးသားဖြစ်ရမယ်၊ သူရဲ့ Processမှာလည်းSOP ( Standard Operation Procedure) ရှိရမယ်၊ စတာတွေပါသတ်မှတ်မယ်လို့ဆိုတယ်။ ဘယ်ဆိုင်မှာဝယ်ဝယ်တစ်ပြေးညီဆားဗစ်နဲ့ အရည်အသွေးကိုရမှာပါ ဆိုတဲ့ အချက်ကို အများပြည်သူ လက်ခံလာနိုင်တဲ့ အခြေအနေအထိ ဖြစ်လာအောင် လုပ်မယ်လို့သိရပါတယ်။ MCIA အသင်းက အသိအမှတ်ပြုထားပါတယ်ဆိုတဲ့လိုဂို တံဆိပ်ကို မြင်တာနဲ့သည်ဆိုင်ဟာ စိတ်ချရတယ်၊ သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေအတိုင်း သူ့ဆိုင်ကို operate လုပ်တယ်၊ ပစ္စည်းမှန်တယ်ဆိုတဲ့ အသိအမှတ်ပြုမှုကို customer တွေ လက်ခံလာဖို့ ဆောင်ရွက်မှာလို့ဆိုတယ်။ MCIA အနေနဲ့လည်း သတ်မှတ်ချက်တွေအတိုင်း တကယ်လုပ်တဲ့ဆိုင်တွေကိုပဲcertifiedလက်မှတ်ပေးမှာဖြစ်ပါတယ်။သည်လိုသတ်မှတ်ချက်တွေချမှတ်တာဟာ ဈေးကွက်ထဲကို စွန့်ဦးစဝင်လာတဲ့ ဈေးကွက်မကျွမ်းကျင်သေးတဲ့ သူတွေအတွက်လည်း ပုံစံတကျလုပ်လာနိုင်ကြမယ်လို့ သိရတယ်။ စတင်အကောင်အထည်ဖော်ဖို့ အခက်အခဲရှိနိုင်ပေမဲ့လည်း MCIA အသင်း အနေနဲ့ လက်မလျှော့ဘဲ မဖြစ်ဖြစ်အောင် ဆက်လုပ်မယ်လို့ဆိုတယ်။လက်ရှိပြည်တွင်းမားကတ်ကဖွံ့ဖြိုးဆဲအခြေအနေမှာသာရှိနေသေးတာကြောင့်သည် အစီအစဉ်စတင်ဖို့အတွက်သည် တစ်နှစ် တာကာလအတွင်း ညှိနှိုင်းပြီးစီးနိုင်မယ်လို့သိရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၉ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၈ရက်နေ့မှ ၁၄ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောင်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမှုမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀ စင်တီမီတာ(သုံးပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ဒေါ်လာ ၁၂သန်းတန် အထွေထွေရောဂါကုဆေးရုံတစ်ခု အင်ဒိုနီးရှားသို့ စင်္ကာပူလှူဒါန်း

၂၀၀၄ခုနှစ်တွင် ဖြစ်ပွားခဲ့သောဆူနာမီရေလှိုင်းဒဏ်သင့်ခံရသော အင်ဒိုနီးရှား၊သီရိလင်္ကာနှင့် မော်လ်ဒိုက်ကျွန်းနိုင်ငံများတွင်ဘက်စုံပြန်လည်ထူထောင်ရေးအတွက် စီမံကိန်းလုပ်ငန်းပေါင်း ၇၀ခန့်ကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သော Meulaboh အထွေထွေရောဂါကု အဆင့်မြင့်ဆေးရုံကြီးတစ်ခုကို အင်ဒိုနီးရှားနိုင်ငံ အနောက်အာချေးပြည်နယ်တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်၍ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျော့ရိုးက အင်ဒိုနီးရှား အရာရှိများထံသို့ သောကြာနေ့နံနက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ၄င်းကပြောဆိုသည်။ မြေဧရိယာ ၂ဟက်ကာပေါ်တွင် တည်ရှိ၍ ကုတင် ၁၄၆ဆံ့ပြီးလျှင် ကျန်းမာရေးပညာရှင်ပေါင်း ၄၀၀ခန့်က တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ (စီအန်အေ)

## ရုရှားကုန်တင်အာကာသယာဉ် ISS နှင့် ချိတ်ဆက်မရ

နိုင်ငံတကာအာကာသစခန်း ISS သို့ စားနပ်ရိက္ခာ၊ လောင်စာနှင့် အခြားပစ္စည်းများ ပေးပို့ရန် သယ်ဆောင်သွားသောရုရှားနိုင်ငံ၏လူလိုက်ပါခြင်းမရှိသော ပရိုဂရက်စ်အာကာသယာဉ်သည် ယမန်နေ့က ISSနှင့် ချိတ်ဆက်ရန်ကြိုးစားသော်လည်း ၄င်း၏ တယ်လီမက်ထရီစနစ် ချို့ယွင်းမှုကြောင့် ချိတ်ဆက်၍မရကြောင်း နာဆာမှ ထုတ်ပြန်ကြေညာသည်။ လောလောဆယ်တွင် ISS အတွင်းရှိ အာကာသယာဉ်မှူး ၆ဦးအတွက် စားနပ်ရိက္ခာအလုံအလောက်ရှိကြောင်း သိရှိရသည်။ဤဖြစ်ရပ်ကြောင့်အာကာသယာဉ်မှူးများတွင် ဘေးအန္တရာယ်တစ်စုံတရာမရှိဟု သိရှိရသည်။ နောက်နှစ်ရက်ကြာမှ ထပ်မံချိတ်ဆက်ရန် အစီအစဉ်ရှိသဖြင့် ပရိုဂရက်စ်ယာဉ်အား ISSမှ ခွာထုတ်ခဲ့သည်။ ၄င်းပရိုဂရက်စ်ယာဉ်သည် နှစ်ပေါင်းများစွာ ISS သို့ ရိက္ခာများ ထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တစ်ကြိမ်တစ်ခါမျှ လွဲချော်ခြင်းမရှိခဲ့ပေ။ (ဘီဘီစီ)

## ဂရိနိုင်ငံ၏ ဘတ်ဂျက်လိုငွေကို ၄၀ရာခိုင်နှုန်းအထိ လျှော့ချနိုင်

ဂရိနိုင်ငံ၏ ဘတ်ဂျက်လိုငွေကို ယခုနှစ်တွင် ၄၀ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ဟု ဘဏ္ဍာရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။ ဥရောပသမဂ္ဂနှင့် အိုင်အမ်အက်ဖ်တို့မှ ချမှတ်ပေးထားသော သတ်မှတ်ချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်စတွင် ဘက်ဂျက်လိုငွေသည် ၁၉ဘီလီယံရှိခဲ့ရာမှ ပထမနစ်ဝက်အကုန်တွင် ၁၁.၅ဘီလီယံသို့ လျော့ကျသွားခဲ့သည်။ ၄င်းကိန်းဂဏန်းသည် ဂျီဒီပီ၏ ၄.၉ရာခိုင်နှုန်း ရှိသဖြင့် အိုင်အမ်အက်ဖ်မှသတ်မှတ်ချက်အောက် ရောက်ရှိခဲ့သည်။ ယခုနှစ်ကုန်တွင်ဂျီဒီပီ၏ ၈.၁ရာခိုင်နှုန်း ရောက်သည်အထိ လျှော့ချနိုင်အောင် ကြိုးစားမည်ဟု ဂရိဘဏ္ဍာရေးဝန်ကြီးက ထပ်လောင်းပြောဆိုသည်။ ဤတိုးတက်လာသော အခြေအနေကြောင့် ဂရိနိုင်ငံသည် မကြာမီအတွင်းတွင် နိုင်ငံတကာ ငွေရေးကြေးရေးဈေးကွက်များမှ ငွေချေးယူခွင့် ရရှိတော့မည်ဖြစ်သည်။ (ဘီဘီစီ)

## စစ်တုရင်ချန်ပီယံဟောင်း ဘော်ဘီဖစ်ရှား၏ ရုပ်အလောင်းအား ပြန်လည်တူးဖော်

ဖခင်အစစ်အမှန်ဟုတ်မဟုတ် သေချာစွာသိရှိနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရန်အလို့ငှာ ကမ္ဘာ့စစ်တုရင်ချန်ပီယံ ဖြစ်ခဲ့ဖူးသူ ဘော်ဘီဖစ်ရှား၏ ရုပ်အလောင်းကို အိုက်စလန်နိုင်ငံမှ ပြန်လည်တူးဖော် ရယူခဲ့ကြသည်။ မာရီလင်ဆိုသူ အမျိုးသမီးနှင့် ၉နှစ်အရွယ်ရှိ သမီးငယ် ဂျင်ကီယန်းတို့က ဖစ်ရှာ၏ ကျန်ရစ်သော ပစ္စည်းများတွင် အမွေပိုင်ဆိုင်ကြောင်း ရှေ့နေမှတစ်ဆင့် တောင်းဆိုခဲ့ကြသည်။ ရေးကျာဗစ်မြို့ရှိ တရားရုံးချုပ်က ဖစ်ရှာ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းနမူနာကို ရယူရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၀၈ခုနှစ်က သေဆုံးခဲ့သော ဖစ်ရှာတွင် ဒေါ်လာ ၂သန်းတန် အိမ်ယာပစ္စည်းများ ကျန်ရှိခဲ့သည်။ ဖစ်ရှာ၏ ယခင်ဇနီးနှင့် ဆွေမျိုးများကလည်း အမွေရလိုကြောင်း လျှောက်ထားတောင်းဆိုလျက်ရှိသည်။ (ဘီဘီစီ)

## အာဖဂန်နိုင်ငံ ဆန်ဂင်ခရိုင်အား ဗြိတိသျှတို့လက်မှ အမေရိကန်က လွှဲပြောင်းရယူ

အာဖဂန်နိုင်ငံ တောင်ပိုင်းရှိ ဟဲလ်မန်း ပြည်နယ်၏ စစ်ဆင်ရေးတာဝန်များကို ဗြိတိသျှတို့ထံမှ အမေရိကန်ဗိုလ်ချုပ်တစ်ဦးက လွန်ခဲ့သောလတွင် လွှဲယူခဲ့သည်။ ၄င်းဒေသရှိ ဆန်ဂင်ခရိုင်သည် သောင်းကျန်းမှု ထူပြောသောဒေသဖြစ်သည်။ ဗြိတိန်တပ်များ အကျအဆုံးများစွာပေါ်ပေါက်ခဲ့သည်။ယခုအခါဆန်ဂင်ခရိုင်အားအမေရိကန်လက်အောက်သို့လွှဲပြောင်းပေးရန် ဗုဒ္ဓဟူးနေ့က ဆုံးဖြတ်ခဲ့သည်။ အာဖဂန်တွင်ကျဆုံးသော ဗြိတိသျှစစ်သား ၃၁၂ဦးအနက် သုံးပုံတစ်ပုံသည် ၄င်းဆန်ဂင်ဒေသတွင် ကျဆုံးခြင်းဖြစ်သည်။ အဆိုပါခရိုင်တွင် ဘိန်းအများအပြားစိုက်ပျိုး၍ ပြိုင်ဘက် သူပုန်အုပ်စုများလည်း ပေါ်များသည်။ (အေအက်ဖ်ပီ)

## ကျူးဘားတွင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် အစာငတ်ခံဆန္ဒပြမှုရုပ်သိမ်း

ကျူးဘားနိုင်ငံအစိုးရက နိုင်ငံရေးအကျဉ်းသား ၅၂ဦးကို လွှတ်ပေးမည်ဖြစ်ကြောင်း ယမန်နေ့က ထုတ်ဖော်ကြေငြာခဲ့သည်။ ကျူးဘားအစိုးရနှင့်သဘောထားကွဲလွဲသူမစ္စတာ ဂွီလာမိုဖာရီနက်သည် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးအတွက် ရက်ပေါင်း ၁၃၀ခန့် အစာငတ်ခံ ဆန္ဒပြနေခဲ့သည်။၄င်း၏အသက်အန္တရာယ်စိုးရိမ်ရသဖြင့် ဆေးရုံတင်၍အာဟာရဖြစ်မည့် ဆေးဝါးများ ပေးသွင်းခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် ဆုံးဖြတ်ပြီးဖြစ်၍ ၄င်း၏ဆန္ဒပြမှုကို ရုပ်သိမ်းခဲ့သည်။ ၄င်းအနေဖြင့် အစိုးရနှင့်ရင်ဆိုင်၍ ဆန္ဒပြခြင်းဖြင့် မည်သူမျှ အရှုံးအနိုင်မရှိကြောင်း နိုင်ငံတော်အတွက်သာ အကျိုးရှိကြောင်း ထုတ်ဖော်ပြောဆိုသည်။ ကျူးဘားနိုင်ငံအပေါ် ဥရောပသမဂ္ဂအနေဖြင့် ပျော့ပြောင်းစွာရပ်တည်ကြရန်စပိန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းနှိုးဆော်လိုက်သည်။ အကျဉ်းသားများ လွှတ်ပေးခြင်းဖြင့် ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့နှင့် ဆက်ဆံရေးများ မကြာမီတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်လျက်ရှိကြသည်။ (ဘီဘီစီ)

## အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံနှင့် သူလျှိုအလဲအလှယ်ပြုလုပ်

လွန်ခဲ့သောအပတ်အတွင်း အမေရိကန်နိုင်ငံတွင် ရုရှားနိုင်ငံအတွက် သူလျှိုလုပ်ပေးသူ ၁၀ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ၄င်းသူလျှိုများက အမည်တုများသုံး၍ သူလျှိုလုပ်ငန်းများလုပ်ကိုင်ခဲ့ကြောင်း ဝန်ခံထွက်ဆိုကြသည်။ အမေရိကန်အစိုးရသည် ရုရှားအစိုးရနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက်အကျဉ်းသားများအလဲအလှယ်ပြုလုပ်၍လွှတ်ပေးရန်သဘောတူညီခဲ့ကြသည်။ စစ်အေးကာလနောက်ပိုင်း နှစ်နိုင်ငံအကြား သူလျှိုအများဆုံး အလဲအလှယ်ပြု လွှတ်ပေးခြင်းဖြစ်သည်။ အမေရိကန်အစိုးရသည်ရုရှားသူလျှိုများအား ကြာသပတေးနေ့ညက ရုရှားနိုင်ငံသို့ ပြန်လည်ပေးပို့လိုက်ပြီဖြစ်သည်။ (ဆင်ဟွာ)

# သတင်းအတို

## ရန်ကုန် - ချင်းမိုင် ခရီးစဉ်အထူးနှုန်းဖြင့် Air Bagan ပြေးဆွဲမည်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးနိုင်ငံသားပိုင် ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်သည့် Air Bagan က မြန်မာနိုင်ငံသားများအတွက် ရန်ကုန်-ချင်းမိုင်ခရီးစဉ်ကို အထူးနှုန်းဖြင့် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ဟု ယင်းလေကြောင်းလိုင်းမှ တာဝန်ရှိသူပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ရန်ကုန်-ချင်းမိုင်ခရီးစဉ်ကို ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် (တစ်ပတ်နှစ်ကြိမ်) ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် ရန်ကုန်-ချင်းမိုင် အသွားအပြန်ခရီးစဉ်ကို ကျပ်တစ်သိန်းခုနှစ်သောင်းဖြင့် ဝယ်ယူနိုင်ကြောင်း ရန်ကုန်မြို့အခြေစိုက် လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်လုပ်ငန်းများထံမှ သိရသည်။ ရန်ကုန်- ချင်းမိုင် ခရီးစဉ်ကို ယခင်က အဝင် FEC 250 ဖြင့် ဝယ်ယူနိုင်ခဲ့ရာမှ ဈေးသက်သာသော လေကြောင်းလိုင်းတစ်ခုဖြစ်သော Air Asia လေကြောင်းလိုင်းက ရန်ကုန်- ကွာလာလမ်ပူ ခရီးစဉ်ကို ကျပ်တစ်သိန်းခန့်ဖြင့် ပျံသန်းပေးမည်ဟု ထုတ်ပြန်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အထူးနှုန်းဖြင့် ပြေးဆွဲပေးခြင်းဖြစ်နိုင်ကြောင်း လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များက ပြောကြားခဲ့သည်ဟု ၂၀၁၀ခုနှစ် ဇူလိုင်လ ၅ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဒေါက်တာအောင်ထွန်းသက်မှ "၂၀၁၀ အလွန် မဟာဗျူဟာကျ အခွင့်အလမ်းများ " ( Strategic Positioning of Myanmar in the Asia Region ) ခေါင်းစဉ်ဖြင့် ဟောပြောမည်

"၂၀၁၀ အလွန် မဟာဗျူဟာကျ အခွင့်အလမ်းများ " ( Strategic Positioning of Myanmar in the Asia Region ) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ခုကို ဇူလိုင်လ ၁၀ရက်နေ့တွင် ဒေါက်တာအောင်ထွန်းသက်က ဟောပြောမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲကို ယင်းနေ့ မွန်းလွဲ ၁နာရီမှ ၄နာရီအထိ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI )တွင် ဟောပြောမည်ဖြစ်ပြီး မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း ( MIEGA ) က စီစဉ်ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၅ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဖိုင်ဘာအင်တာနက်စနစ် ရရှိလာပါက ဝိုင်ဖိုင်ဧရိယာများ ပိုများလာဖွယ်ရာရှိ

ဖိုင်ဘာဖန်ကြိုးမျှင်သုံး အင်တာနက်စနစ် (Fiber To The X) အသုံးပြုခွင့်ကို အများအပြားချထားပေးမည်ဆိုပါက ဝိုင်ဖိုင် (Wifi) ခေါ် ကြိုးမဲ့အင်တာနက်စနစ် ရရှိမည့် ဧရိယာများ ပိုမိုပေါ်ပေါက်လာဖွယ်ရာရှိကြောင်း အင်တာနက်ဆိုင်နှင့် သုံးစွဲသူအချို့ကပြောကြားသည်။ လက်ရှိ၌ ဝိုင်ဖိုင်အင်တာနက်စနစ်ကို စားသောက်ဆိုင်၊ ရှော့ပင်းစင်တာနှင့် ဟိုတယ်အချို့တွင် အခမဲ့သုံးစွဲခွင့် ပေးထားပြီး ၄င်းတို့အနက်အချို့မှာ ဝိုင်မက်စ် (WifMAX) ADSL နှင့် Broadband လိုင်းများမှတစ်ဆင့် ပြန်လည်ထုတ်လွှင့်ပေးထားခြင်းဖြစ်သည်။ ဖိုင်ဘာဖန်ကြိုးမျှင်သုံး အင်တာနက်စနစ်မှာ လက်ရှိသုံးစွဲလျက်ရှိသော စနစ်များဖြစ်သည့် ADSL, Broadband, WiMax လိုင်းများထက် လိုင်းဆွဲအားပိုမိုကောင်းမွန်သည့်အပြင် ဈေးနှုန်းပိုင်းတွင်လည်း ပိုမိုသက်သာသောကြောင့် ဝိုင်ဖိုင်စနစ်ရရှိရန် ပိုမိုလွယ်ကူလာမည်ဖြစ်ကာ ရရှိနိုင်သောဧရိယာများမှာလည်း ယခုထက်ပိုမိုများပြားလာမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် တရုတ်(တိုင်ပေ) ကွန်ပျူတာအသင်းချိတ်ဆက်

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းသည် တရုတ်(တိုင်ပေ) အခြေစိုက် ကွန်ပျူတာပညာရှင်အသင်း (Taipei Computer Association ) နှင့် ဇွန်လ ၁ရက်မှ ၅ရက်ထိ ကျင်းပပြုလုပ်ခဲ့သော Complex 2010နည်းပညာပြပွဲအတွင်းတွင် ချိတ်ဆက်ခဲ့ကြောင်း အသင်းတာဝန်ရှိသူ ဦးထင်အောင်ခိုင်က ပြောကြားသည်။ ထိုကဲ့သို့ ချိတ်ဆက်နိုင်ခြင်းကြောင့် မြန်မာကွန်ပျူတာလုပ်ငန်းနှင့် အိုင်တီဈေးကွက်ကျယ်ပြန့်လာစေရန် တရုတ်(တိုင်ပေ) လုပ်ငန်းရှင်များကို ဖိတ်ခေါ်နိုင်မည့် အခွင့်အလမ်းများကို ရရှိမည်ဖြစ်ကြောင်း ဆိုသည်။ " အခုလို နိုင်ငံတကာအဆင့် အဖွဲ့အစည်းမျိုးနဲ့ ချိတ်ဆက်ခဲ့တော့ အနီးစပ်ဆုံးအနေနဲ့ နည်းပညာပြပွဲတွေ ပြုလုပ်တဲ့အခါ တိုင်ပေလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ချင်ရင် အသင်းက ကမကထပြု လုပ်ပေးမယ်။ နည်းပညာပြပွဲတွေမှာလည်း မြန်မာနိုင်ငံကလုပ်ငန်းရှင်တွေ ပါဝင်ချင်ရင်လည်း TCA က ကူညီပါလိမ့်မယ် " ဟု ၄င်းကဆိုကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်လေဆိပ်၏ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို Pioneer Aerodrome Services ကုမ္ပဏီသို့ နှစ် ၃၀ ငှားရမ်းသည့်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေး

ရန်ကုန်လေဆိပ်၏ လေဆိပ် ဝန်ဆောင်မှုလုပ်ငန်းများကို Pioneer Aerodrome Services ပုဂ္ဂလိက ကုမ္ပဏီသို့ နှစ် ၃၀ ငှားရမ်းသည့်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်းနှင့် လက်ရှိတွင် ပြည်တွင်း ခရီးစဉ်၌ အသုံးပြုနေသည့် ယခင် လေဆိပ်အဟောင်းကိုလည်း အသစ် ပြန်လည် တည်ဆောက်သွားရန်ရှိကြောင်း ရန်ကုန်အပြည်ပြည်ဆိုင် ရာလေဆိပ် တာဝန်ရှိသူ တစ်ဦးထံမှ သတင်းရရှိပါသည်။ လွှဲပြောင်းလုပ်ကိုင်ရာ တွင် လက်ရှိလေဆိပ်ဝန်ထမ်း ၅၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီမှ ကျွမ်းကျင်သူအချို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်ဟု သိရသည်။ လေဆိပ်ကြီး တစ်ခုလုံး၏ ကွပ်ကဲမှုအနေဖြင့်မူ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဆက်လက် တာဝန်ယူကြောင်း သိရသည်။ ပုဂ္ဂလိကသို့ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းအား လွှဲပြောင်းလုပ်ကိုင်ခွင့် ပြုသည်ဆိုရာ၌ လေဆိပ်အတွင်းရှိ ရုံးခန်း၊ ဆိုင်ခန်းများ ငှားရမ်းခြင်း၊ လေဆိပ်ကို ပြုပြင်ထိန်းသိမ်းခြင်း၊ လေဆိပ်၏သန့်ရှင်းရေး၊ ရေ၊ မီး ရရှိရေး စသည်ဖြင့် ပါဝင်ကြောင်း သိရသည်။ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမှုကြောင့် လေဆိပ်နှင့်ပတ်သက်သည့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၇ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်ပကုမ္ပဏီများ ကုန်စည်ဒိုင်များ၌ ကျပ်ငွေဖြင့် ကုန်စည်မဝယ်နိုင်အောင် ဆောင်ရွက်မည်

ပဲမျိုးစုံ အရောင်းအဝယ်ပြုလုပ်ရာတွင် ပြည်ပကုမ္ပဏီများနှင့် အမည်ခံပြည်တွင်းကုမ္ပဏီများ ကျပ်ငွေဖြင့် ဝယ်ယူနေခြင်းကို မလုပ်ဆောင်နိုင်ရန်အတွက် ကုန်စည်ဒိုင်များတွင် အများပြည်သူ သိရှိအောင် ဆောင်ရွက်ရန်အချက်ကို မုံရွာမြို့၌ ကျင်းပခဲ့သော စတုတ္ထအကြိမ် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲက ဆုံးဖြတ်ချက်များတွင် ပါဝင်ကြောင်း သတင်းရရှိသည်။ မုံရွာမြို့ မြစန္ဒာခန်းမတွင် ဇွန် ၂၂ရက်က ကျင်းပခဲ့သော အထက်ပါအလုပ်ရုံဆွေးနွေးပွဲ၌ ပဲမျိုးစုံအပါအဝင် ကုန်စည်များရောင်းဝယ်ရာ၌ ပြည်ပကုမ္ပဏီများနှင့် အမည်ခံ ပည်တွင်းကုမ္ပဏီများ ကျပ်ငွေဖြင့် ဝယ်ယူခြင်း မလုပ်ဆောင်နိုင်ရန် ကုန်စည်ဒိုင်များက အများပြည်သူသိရှိအောင် ဆောင်ရွက်ချက်အပါအဝင် ဆုံးဖြတ်ချက်ရှစ်ချက်ကို ဆုံးဖြတ်ခဲ့ ကြောင်း

ဇွန် ၂၈ရက်ထုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် The Commerce ဂျာနယ်တွင် ဖော်ပြထားသည်။ ထိုဆွေးနွေးပွဲသို့ တစ်နိုင်ငံလုံးရှိ ကုန်စည်ဒိုင် ၂၉ဒိုင်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာအစိုးရဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၁၈၀ဦး ကျော်တက်ရောက်ခဲ့ပြီး၊ ပဋ္ဌမအကြိမ်ဆွေးနွေးပွဲကို ပုသိမ်မြို့၌ ကျင်းပမည်ဟု သတင်းရရှိခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ညောင်ရွှေမြို့မှ အင်းလေးကန်သို့ အသွားအပြန်ချောင်းလမ်းများ စက်အင်အားတိုးမြှင့်တူးဖော်နေ

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်လျက် ရှိသည့်အပြင် ပြည်တွင်းပြည်ပ ရပ်ဝေးရပ်နီး ဧည့်သည်များ၊ ဒေသခံ တိုင်းရင်းသားများ၊ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေ ရေး၊ ဒေသထွက်ကုန်စည် ရောင်းဝယ်စီးဆင်းမှု မြန်ဆန်ရေး ရည်ရွယ်ချက်များဖြင့် ညောင်ရွှေမြို့မှ အင်းလေးကန်သို့ အသွား အပြန်ချောင်းလမ်းများအား တိုးချဲ့တူးဖော်လျက်ရှိကြောင်း မြို့နယ်တာဝန်ရှိသူများထံမှ သိရသည်။ ညောင်ရွှေဆိပ်ကမ်းမှ အင်းလေးကန်မကြီးသို့ သွား/ပြန်နေသော နမ့်ကတ်ချောင်းလမ်း၊ အင်းလေးကန်မကြီးမှ ဖောင်တော်ဦးဘုရား၊ ငါးဖယ်ချောင်းကျောင်း၊ အလိုတော်ပေါက်ဘုရားသို့ သွား/ပြန်သော ငါးဖယ်ချောင်းလမ်းများတွင် သောင်တူးစက် သုံးစင်းဖြင့် နုန်း၊ ဗေဒါ၊ ရေမှော်၊ ဒိုက်၊ မြက်၊ ကြာပင်ရိုင်းများကို အဆက်မပြတ် တူးဖော်ဆယ်ယူ ရှင်းလင်းလျက်ရှိပြီး မြေတူးစက် နှစ်စင်းဖြင့် ချောင်းလမ်းများကို တူးဖော်ချဲ့ထွင်၊ တာဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတွင်ကျယ်စေရန် Komatsu အမျိုးအစား ဘက်ဟိုးမြေတူးစက် အသစ်တစ်စင်း ထပ်မံရောက်ရှိလာပြီး စုစုပေါင်း သောင်တူးစက်သုံးစင်း၊ မြေတူးစက် သုံးစီးဖြင့် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၉ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငွေကြိုပေး ၂၀တန်ဖုန်းကတ် ဈေးတက်

ငွေကြိုပေး ၂၀တန်ဖုန်းကတ်တွေ ဈေးကွက်မှာ အရင်သတ်မှတ်ဈေးထက် ကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀ လောက်ဈေးတက်လာတယ်လို့ သိရတယ်။ ငွေကြိုပေး ၂၀တန်ကတ်က အရင် သတ်မှတ်ထားတာက တစ်ကတ်ကို ကျပ် နှစ်သောင်းတစ်ထောင်ပါ။ အခုဈေးကွက်မှာ ကျပ် ၂၂၅၀၀၊ ၂၃၀၀၀ ပေါက်နေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကျတာကတော့ ဝယ်သူတွေက ငါးသိန်းတန်ဖုန်းဘက်ကို ပိုစိတ်ဝင်စားတာကြောင့်လို့ ဆိုတယ်။ ကတ်ပုံမှန်သုံးတဲ့သူရှိပေမယ့် ငါးသိန်းတန်ဖုန်းက ပိုပြီးဈေးကွက်ယူသွားလို့ သိရတယ်။ ဈေးကွက်မှာ ရောင်းအားကျတာက ၂၀တန်ကတ်တင်မဟုတ်ဘဲ ၅၀တန်ကတ်လည်း ရောင်းအားကျသွားတယ်လို့ သိရတယ်။ ၅၀တန် ငွေကြိုပေးကတ်က တစ်ကတ်ကို ကျပ်ငါးသောင်းပါ။ ယုဇနပလာဇာက ဖုန်းကတ်ကိုယ်စားလှယ် Kyaw Mobile က " အဲဒီမှာကတော့ လက်လီကျပ် ၂၁၀၀၀ နဲ့ မည်သူမဆိုကို ရောင်းပါတယ်၊ အရောင်းအဝယ်က ပုံမှန်သွားတယ်၊ Gold Mobile မှာလည်း ဝယ်လို့ရတယ် " လို့ ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၉ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန် အထူးအောင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၀ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် သုံးကျမ်းပြီး ၄၂၃ပါး၊ နှစ်ကျမ်းပြီး ၈၂၃ပါး၊ တစ်ကျမ်းပြီး ၁၇၂၉ပါး၊ မြန်မာဂုဏ်ထူးငါးပါး အောင်မြင်တော်မူကြသည်။ ၂၀၁၀ ခုနှစ် ပထမပြန် အထူးအောင် ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်၊ လူပုဂ္ဂိုလ်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်ဟု သိရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

**<u>အနိုင်းမဲ့မီး</u>**

“ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ = အချစ်ကြောင့် ပူပင်သောကဖြစ်၏၊ အချစ်ကြောင့် ဘေးရန်ဒုက္ခဖြစ်၏” ဆိုတာ မြတ်ဗုဒ္ဓရဲ့ အမှန်ကန်ဆုံး အချစ်ဒဿနပါပဲ။ ကိုယ့်ကို ချွန်ထက်တဲ့ တံစူးဝါးနဲ့ ထိုးပြီး ရဲရဲတောက်နေတဲ့ မီးလျှံထဲမှာ အကင်ခံရမယ့် ဒုက္ခကိုတော့ မကြောက်ဘဲနဲ့ မိမိရဲ့ချစ်ဇနီးငါးမလေးရဲ့ အထင်လွဲခံရမှာကို ကြောက်နေတာဟာ ရာဂဆိုတဲ့ အနိုင်းမဲ့မီး၊ အချစ်ဆိုတဲ့ အနိုင်းမဲ့မီးရဲ့ လောင်မြိုက်ဝါးမျိုမှုကြောင့်ပါပဲ။

မီးခိုးလည်း မမြင်ရ၊ မီးတောက်လည်းမမြင်ရ၊ မီးခဲလည်းမမြင်ရဘဲနဲ့ ပြာကျအောင် လောင်တတ်တဲ့မီးဟာ ရာဂမီးပါ၊ အချစ်မီးပါပဲ။

အချစ်ဆိုတာ အပူလောင်ဆုံး အနိုင်းမဲ့မီးလို့ ဘယ်လိုပဲပြောပြော၊ ပုထုဇဉ် နယ်ပယ်မှာတော့ အချစ်ဟာ ဟင်းတိုင်းမှာပါတဲ့ ဆားလိုမရှိမဖြစ် ဖြစ်နေပါတယ်။ ငရုပ်သီးထဲကပိုးဟာ အပူကို လုံးဝမကြောက်တော့သလို အပူကြိုက်လွန်းလို့ အပူပြီးနေတဲ့ ပုထုဇဉ်အများစုဟာလည်း အချစ်ကိုပူလောင်တယ်လို့တောင် မထင်ကြတော့ပါဘူး။ ပိုးဖလံမျိုးမို့ မီးတိုးနေတာပါလို့တောင် ဆင်ခြေပေးနေပြန်တော့လည်း ဘာများတတ်နိုင်ဦးမှာတဲ့လဲ။

မရှိမဖြစ်ဆားဆိုပေမယ့် သွေးတိုးရောဂါရှိတဲ့သူကတော့ ဆားကို မရှောင်မဖြစ် ရှောင်ဖို့လိုအပ်သလို အဆင့်အတန်းမြင့်တဲ့ သမထ၊ ဝိပဿနာ၊ တရားချမ်းသာကို ခံစားချင်တဲ့သူဟာလည်း အချစ်ကို ဝေးဝေးရှောင်ဖို့ လိုအပ်ပါတယ်။ တရားအလုပ်ခွင်မှာတော့ အချစ်ကို ကာမစ္ဆန္ဒနီဝရဏ လို့ခေါ်ပါတယ်။ သူက တိုးပွားအောင် လုပ်ရမယ့်အရာ မဟုတ်ပါဘူး။ ချုပ်ငြိမ်းအောင် ပယ်ရမယ့်အရာပါ။

မဖြစ်ပေါ်သေးတဲ့ အချစ်စိတ်တွေ ဖြစ်ပေါ်လာစေနိုင်တဲ့၊ ဖြစ်ပေါ်ပြီးသား အချစ်စိတ်တွေ တိုးပွားစေနိုင်တဲ့ အကြောင်းတရားနှစ်ပါးရှိပါတယ်။ သုဘနိမိန်နဲ့ အယောနိသောမနသိကာရတို့ပါပဲ။ သုဘနိမိတ်ဆိုတာက မြင်ကြားတွေ့သိရတဲ့ အာရုံကို တင့်တယ်တယ်၊ ကောင်းတယ်၊ ချစ်စရာလေးလို့ ထင်မြင်ယူဆ မှတ်သားမှုပါပဲ။ ချစ်စရာလို့ ထင်နေမှတော့ “ချစ်စရာမို့ ချစ်ပါတယ်” ဆိုပြီး ချစ်သွားတော့မှာပဲပေ့ါ။

အယောနိသောမနသိကာရဆိုတာကတော့ မြင်ကြားတွေ့သိရတဲ့ အာရုံကို မှားမှားယွင်းယွင်း နှလုံးသွင်းမှုပါပဲ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့ နှလုံးသွင်းတာ၊ မြဲတယ်၊ ကောင်းတယ်၊ ပိုင်တယ်လို့ နှလုံးသွင်းတာဟာ မှားယွင်းတဲ့ နှလုံးသွင်းမှုပါ။

အချစ်မီး တောက်လောင်ခြင်းရဲ့ အကြောင်းကို သိပြီဆိုရင် အချစ်မီး ငြိမ်းအေးခြင်းရဲ့အကြောင်းလည်း သိလောက်ပါပြီ။ အသုဘနိမိတ်နဲ့ ယောနိသောမနသိကာရဟာ မဖြစ်ပေါ်သေးတဲ့ အချစ်မီးမဖြစ်ပေါ်ဖို့၊ ဖြစ်ပေါ်ပြီးသား အချစ်မီး ငြိမ်းအေးဖို့အတွက် အကြောင်းတရားနှစ်ပါးပါပဲ။

မြင်ကြားတွေ့သိရတဲ့အာရုံရဲ့ မတင့်တယ်တဲ့သဘော (အသုဘသဘော)ကို ထွင်းဖောက်ဆင်ခြင်နိုင်မယ်ဆိုရင် အချစ်မီးရဲ့ လောင်မြို့က်မှုကို ခံရမှာမဟုတ်တော့ပါဘူး။ များများမဆင်ခြင်နိုင်ရင်နေပါ။ “သူ လေလည်ရင် (သူ…ရင်) နံမှာပဲ” ဆိုတာလေးတစ်ခုတည်းကို မကြခဏဆင်ခြင်မယ်ဆိုရင်ပဲ အသုဘသဘော ပေါလောကြီးပေါ်လာပါလိမ့်မယ်။ အသုဘဆိုတဲ့ အပြစ်မြင်မှတော့ အချစ်ဝင်နိုင်ပါဦးတော့မလား။ အပြစ်မမြင်လို့ အချစ်ဝင်တာပါ၊ အပြစ်မြင်ရင် အချစ်မဝင်နိုင်တော့ပါဘူး။

မြင်ကြားတွေ့သိရတဲ့ အာရုံရဲ့ နကယ့်အရှိသဘောကို မှန်မှန်ကန်ကန် နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရ ဖြစဖို့အတွက်ကတော့ သတိပဋ္ဌာန်တရား ပွားများအားထုတ်ရမှာပါ။ အချစ်မီးဆိုတာ ထိုင်ချိန်မှာသာ တောက်လောင်နေတာ မဟုတ်တဲ့အတွက် အချစ်စိတ်ဖြစ်ပေါ်နေတဲ့အချိန်တိုင်း ဘယ်နေရာပဲ ရောက်နေရောက်နေ၊ ဘာအလုပ်ပဲ လုပ်နေလုပ်နေ တောက်လောင်လာတဲ့ အချစ်မီးကို သတိပဋ္ဌာန်ရေစင်နဲ့ သွန်းဖျန်းငြိမ်းသတ်ရပါမယ်။

မြင်-မြင်တယ်၊ ကြား-ကြားတယ်လို့ ရှုမှတ်မယ်၊ ချစ်-ချစ်တယ်၊ စွဲ-စွဲတယ်၊ ငြိ-ငြိတယ်၊ ကြွေ-ကြွေတယ်လို့ ရှုမှတ်မယ်ဆိုရင် အာရုံအပေါ် မှန်မှန်ကန်ကန်နှလုံးသွင်းမှု ယောနိသောမနသိကာရဖြစ်ပါတယ်။ သတိ၊ သမာဓိ၊ ဉာဏ်၊ အားကောင်းရင် အားကောင်းသလို အာရုံနဲ့စိတ်ရဲ့ ကိုယ်ပိုင်သီးခြားသဘော၊ ဖြစ်ပျက်၊ မမြဲ၊ မကောင်း၊ မပိုင်ဆိုင်တဲ့ အများဆိုင်သဘောတွေကို သိမြင်လာပါလိမ့်မယ်။

သတိပဋ္ဌာန်ရေစင် သွန်းဖျန်းခံရတဲ့ အာရုံနဲ့စိတ်မှာ ရာဂမီး၊ အချစ်မီး တောက်လောင်လာနိုင်စရာ အကြောင်းမရှိတော့ပါဘူး။ ပူလောင်တဲ့မီးကို ကြားခံစက်ခလုတ်ရဲ့ အကူအညီနဲ့ အအေးဓာတ်ဖန်တီးပြီး ရေခဲသေတ္တာတို့၊ လေအေးပေးစက်တို့ ပြုလုပ်ကြသလို ပူလောင်တဲ့ ရာဂမီး၊ အချစ်မီးကိုလည်း သမထ၊ ဝိပဿနာဆိုတဲ့ ကြားခံဘာဝနာခလုတ် အကူအညီနဲ့ ဝိပဿနာဉာဏ်ဓာတ် ဖန်တီးပြီး မဂ်ဖိုလ်တို့၊ နိဗ္ဗာန်တို့ ရယူနိုင်ပါတယ်။

ရာဂအချစ် အပူဓာတ်ကို ဓမ္မအနှစ် အအေးဓာတ်အဖြစ် အသွင်ပြောင်း ထုတ်လုပ်နိုင်တာဟာ သတိပဋ္ဌာန် စက်ခလုတ်ပါပဲ။

“သစ်ပင်မှာအမြစ်၊ လူမှာအချစ်”လို့ ပြောလေ့ရှိကြပါတယ်။ သစ်ပင်တစ်ပင်ဟာ အမြစ်ရှင်သန်နိုင်မြဲနေသမျှ မြေကြီးထဲက ရုန်းထွက်လို့မရသလို လူဟာလည်း အချစ်ရှင်သန်နိုင်မြဲနေသမျှ မီးဟုန်းဟုန်းတောင်နေတဲ့ သံသရာထဲက ဘယ်တော့မှ ရုန်းထွက်လွတ်မြောက်ခွင့်ရမှာ မဟုတ်ပါဘူး။

တစ်လောကလုံးရဲ့ အနိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က ရာဂမီး၊ အချစ်မီးဟာ အနိုင်းမဲ့မီးဖြစ်တယ်လို့ “နတ္ထိ ရာဂသမော အဂ္ဂိ” ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း ရာဂမီး၊ အချစ်မီးဆိုတဲ့ အနိုင်းမဲ့မီးကို အကြွင်းမဲ့ ငြိမ်းအေးအောင် ငြှိမ်းသတ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

# ဟာသ

## ညှံ့ချက်ကတော့

စာကြည့်တိုက်မှူး။ ။ ရှူးတိုးတိုး၊ မင်းဘေးကလူတွေ စာမဖတ်နိုင်ဘူး။

ကျောင်းသား။ ။ ရှက်စရာကောင်းလိုက်တာ၊ ကျွန်တော်ဆိုရင် ခြောက်နှစ်သားကတည်းက စာဖတ်တတ်တယ်။

## အမှောင်ကြိုက်သူ

သားငယ်။ ။ ဖေဖေအမှောင်ထဲမှာ စာရေးနိုင်လား။

ဖခင်။ ။ ဖြစ်မယ်ထင်တာပဲ။ သားဘာရေးစေချင်လို့လဲ။

သားငယ်။ ။ကျွန်တော့ရီပို့ကတ်မှာ လက်မှတ်ထိုးခိုင်းဖို့။

## လွန်တာပေါ့

မိခင်။ ။ စူဇီဘာဖြစ်လို့ ငိုနေတာလဲ။

စူဇီ။ ။ သမီးအရုပ်လေးကို ဘီလီချိုးပစ်လိုက်တယ်။

မိခင်။ ။ သူက ဘယ်လိုချိုးပစ်လိုက်တာလဲ။

စူဇီ။ ။ သူ့ခေါင်းကို သမီးအရုပ်နဲ့ ထုရုံနဲ့ ကျိုးသွားတာ။

## မရပါဘူးကွယ်

“ဟဲလို”

“ဟဲလို”

“ခုစကားပြောနေတာ ဆမ်လား”

“ဟုတ်ပါတယ်၊ ဆမ်ပြောနေတာပါ”

“ဟုတ်ပြီ၊ ခုဆက်နေတာဂျိုးပါ၊ ငါ့ကိုဒေါ်လာ ၅၀လောက်ချေးစမ်းပါ”

“ဆမ်ပြန်လာရင် ပြောလိုက်မယ်နော်”

ဂလောက်။

## စားပုံစားနည်း

လူနာ။ ။ မနေ့က ကမာကောင် ၁၂ကောင်စားပြီးကတည်းက ကျွန်တော်ဗိုက်အရမ်းနာနေတယ်ဆရာ။

ဆရာဝန်။ ။ အဲသည်ကမာတွေက လတ်ဆတ်ရဲ့လား။

လူနာ။ ။ ကျွန်တော်မသိဘူး။

ဆရာဝန်။ ။ ဟုတ်ပြီလေ၊ ခင်ဗျားကမာကောင်ရဲ့ ဂုံးခွံကို ဖွင့်လိုက်တော့ ဘယ်လိုတွေ့ရလဲ။

လူနာ။ ။ ဆရာဆိုလိုတာက ဂုံးခွံကိုဖွင့်ပြီးမှ စားရတယ် ဟုတ်လား။

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

July 9th မှ July 15th ကြား

အခက်အခဲများကျော်လွှားနိုင်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ လုံးဝမလုပ်တော့ဟု ဆုံးဖြတ်ထားသောကိစ္စများကို ရှေ့တိုးလုပ်ရမည်။ အိုးအိမ်ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းများ ဆောင်ရွက်နိုင်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ခရီးဝေးကိစ္စ၊ လူမျိုးကွဲများနှင့် တိုက်ရိုက်ဆက်ဆံ၍ အောင်မြင်မှုများရမည်။ ကာလအတန်ကြာအဆက်အသွယ်ဖြတ်ထားသောသူများနှင့် ပြန်လည်ချိတ် ဆက်မိမည်။ ရပ်တန့်ပထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရမည်။ သူတပါးနှင့် တွဲဖက်လုပ်သော ကိစ္စများ အထူးအဆင်ပြေမည်။ စုပေါင်းလုပ်သောကိစ္စများမှ ထင်မှတ်ထားသည်ထက်ပိုသော တိုးတက်မှုရမည်။ လုပ်ငန်းခွင်အတွင်း ရုတ်တရက်အပြောင်းအလဲများဖြစ်လာမည်။ ဖွဲ့စည်းမှုပုံစံသစ် ပေါ်ပေါက်ပြီး မိမိအတွက် အကျိုးရှိမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

July 9th မှ July 15th ကြား

မလုပ်သင့်သည်ကိုလုပ်ခြင်း မတွဲအပ်သောသူနှင့် ပူးတွဲဆက်ဆံခြင်းများကြောင့် ပြဿနာများ ဖြစ်ပေါ်လာမည်။ ကိုယ်စွမ်းကိုယ်စကို အလွဲသုံးတတ်သည်။ ဆောင်ရွက်မှုအဖြာဖြာသတိရှိပါ။ သတိတစ်ချက်လွတ်သွားသည်နှင့် လျှို့ဝှက်အပ်သောကိစ္စနှင့်တကွ အတွင်းရေးကိစ္စပေါက်ကြားတတ်သည်။ တစ်ပါးသူစကားအပေါ် ယုံကြည်မှုလွန်ကဲပြီး ရှေ့တိုးဆောင်ရွက်ခြင်းမှ အမှားအယွင်းကြုံမည်။ သံယောဇဉ်မထားသင့်သူအပေါ် မေတ္တာနှောင်ဖွဲ့မှုကြောင့် စိတ်သောကဖြစ်စရာများ ကြုံမည်။ ငွေကြေး အကုန်အကျများမည်။ နာမည်ကောင်းနှင့် ကျော်ကြားမည်။ အသစ်ထွင်တိုးချဲ့လုပ်သောကိစ္စများမှ အကျိုးကောင်းရမည်။ အမည်အတွင်း (အ၊ ဥ၊ ရ၊ လ၊ ဝ) ပါသူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ လုပ်ငန်းခွင်နှင့် ပတ်သက်သည့် သင်တန်းများ ပေါ်ပေါက်အကျိုးပေးမည်။ ဆောင်ရွက်အောင်မြင်မည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

July 9th မှ July 15th ကြား

အနှောင့်အယှက်၊ အတိုက်အခံများ၊ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်စရာကြုံနိုင်သည်။ ပုံမှန်လုပ်ရိုးလုပ်စဉ်မဟုတ်သော အနေအထားနှင့် ဆောင်ရွက်ခြင်းဖြင့် တက်လမ်းများ ဆက်တိုက်ဖြစ်ပေါ်လာမည်။ ကောင်းသော အမည်သတင်းနှင့် ကျော်ကြားခြင်းကို ကြုံမည်။ အပြိုင်အဆိုင်များကို ကျော်လွှားနိုင်မည်။ လုပ်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် အဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပူးပေါင်းပတ်သက်ခြင်းမှ အကျိုးကောင်းများရမည်။ ပစ္စည်းအပျောက်အရှ ဂရုစိုက်ရမည်။ အပြောင်းအရွှေ့များကြုံမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများအတွက် ပြောဆိုခြင်းများ အဆင်ပြေမည်။ စကားရှုပ်ထွေးစွာပြောတတ်သော အမျိုးသမီးတစ်ဦးအိမ်သို့ အဝင်အထွက်ပြုရာမှ စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ ငွေရေးကြေးရေး ကိစ္စ လက်လွယ်ခြင်းမရှိရ။ ဆုံးရှုံးတတ်သည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

July 9th မှ July 15th ကြား

အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ရုတ်တရက် ပြောင်းလဲပြီးလမ်းသစ်ထွင်၍ လုပ်သောကိစ္စမှ ထင်ရှားသော အောင်မြင်မှုများအခိုင်အမာရမည်။ နေအိမ်ကိစ္စပြုပြင်ခြင်း၊ အပြောင်းအလဲပြုခြင်းတို့အတွက် ဆောင်ရွက်သင့်သောကာလဖြစ်သည်။ မိသားစုကိစ္စရေးရာအတွက် အချိန်ပေး၍ ဆောင်ရွက်နိုင်မည်။ တိုင်းတစ်ပါးနှင့် ဆက်စပ်ပြီး လုပ်သောကိစ္စမှ ထူးခြားသော အောင်မြင်မှုများ ဖြစ်ထွန်းလာနိုင်မည်။ တစ်ပိုင်းတစ်စ ရပ်တန့်ထားသော ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ သူတစ်ပါးအတွက် ငွေကြေးကြားဝင်စိုက်ထုတ် ကုန်ကျကိန်းများရှိနေသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စထက် သူတစ်ပါးရေးရာကိစ္စများ ဆောင်ရွက်ရင်းငွေကုန်စိတ်ပန်းလူပန်း စိတ်အနှောင့်အယှက်ဖြစ်ခြင်းများကြုံမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

July 9th မှ July 15th ကြား

ကျန်းမာရေး ဂရုစိုက်ရမည်။ ဦးတည်ဆောင်ရွက်သော ကိစ္စမှန်သမျှတွင် အခက်အခဲများရှိမည်။ ဖွဲ့ကြိုးကြိုးဖြင့် ရှေ့တိုးလုပ်ကိုင်ခြင်းဖြင့် အခက်အခဲများကျော်လွှားနိုင်မည်။ မူလလုပ်ကိုင်ဖူးခြင်းမရှိသေးသောလုပ်ငန်းများကို ဆောင်ရွက်အောင်မြင်မှုရရှိသွားမည်။ ဆက်ဆံရသောဝန်းကျင်နှင့် ဦးတည်ချက်အလုံးစုံပြောင်း၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ ခရီးဝေးသွားခြင်း၊ အရပ်ဝေးနှင့် ဆက်ဆံခြင်းများ ကောင်းခြင်းကြုံမည်။ အသက်အရွယ်ကြီးရင့်သူ သွေးသားရင်းများ၏ ကျန်းမာရေးကို ဂရုစိုက်ရမည်။ အလွဲလွဲအချော်ချော် ဖြစ်နေသောကိစ္စများ ပြန်လည်အဆင်ပြေသွားမည်။ အဖျက်အနှောင့်အယှက်များ ထိုးဖောက်၍ အောင်မြင်မအဆင့်ဆင့်ရမည်။ ငွေကြေးကိစ္စအတွက် ပြောဆိုဆောင်ရွက်ခြင်းများ အဆင်ပြေမည်။ မြှုပ်နေသောငွေများ ပြန်ဖော်နိုင်မည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

July 9th မှ July 15th ကြား

ကြန့်ကြာနေသော အခြေအနေအလုံးစုံ အဆင်ပြေသွားမည်။ အပြောင်းအလဲရှိမည်။ အလုပ်အခွင့်အလမ်းသစ်များ ပေါ်ပေါက်မည်။ လက်ခံနိုင်မည်။ ရင်းနီးသူများနှင့် အမြင်မတူညီမှု၊ ဦးတည်ချက်မတူညီမှုများဖြစ်၍ ပဋိပက္ခအသွင် မဆောင်အောင် သတိပြုပါ။ စိတ်လိုက်မာန်ပါ ငြင်းခုန်ခြင်းမပြုသင့်။ လုပ်ငန်းခွင်မှ သူများအဖို့ ဆက်ဆံရသောသူ ပြောင်းလဲမည်။ လူသစ်၊ ဝန်းကျင်သစ်နှင့် အံဝင်ခွင်ကျမရှိသလို ကြုံမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အပျက်အယွင်းများမည်။ ကုန်ကျစရိတ်ကို ခြိုးခြံမည်ဟု ကြံကာမှ တရစပ်ငွေကုန်ကြေးကျများမည်။ မသုံးမနေ ငွေသုံးစွဲရခြင်းမျိုးဖြစ်မည်။ ရုတ်တရက်စိတ်ကူးပြီး ရှေ့တိုးလုပ်ကိုင်သည်များမှ ထူးခြားသောတိုးတက်မှုရမည်။ အပြောင်းအလဲများအား ကိုယ်တိုင်ဆောင်ရွက်နိုင်မည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

July 9th မှ July 15th ကြား

အရာရာကိုယ်တိုင်ရဲရဲရှေ့တိုး၍ ဆောင်ရွက်သွားပါ။ အခက်အခဲများအား ရင်ဆိုင်ဖြေရှင်းပါ။ ဤကာလအတွင်း ပေါ်ပေါက်လာသော ပြဿနာများအား မဖြေရှင်းက ပိုမိုပြဿနာကြီးထွားနိုင်သည်။ သူတစ်ပါးအညာက်ပေးမှုအတိုင်းဆောင်ရွက်ခြင်းထက် ကိုယ်ကမှန်သည်ဟု ထင်မြင်သည့်အပေါ် ရဲရဲရှေ့တိုး၍ဆောင်ရွက်ပါ။ ငွေကြေးရရှိမှုကို ဦးစားပေးခြင်းထက် လုပ်ငန်းပြီးမြောက်မှုကို အဓိကဦးစားပေးလုပ်ခြင်းက ထွန်းထွန်းပေါက်ပေါက်ဖြစ်ခြင်းကို ကြုံတွေ့စေမည်။ အခြားသူတစ်ပါးကလုပ်၍ မဖြစ်နိုင်ဟုဆိုသော အလုပ်များကိုရွေး၍ လုပ်ကိုင်ကပို၍ အောင်မြင်မှုရမည်။ ငွေပေး၊ ငွေယူကိစ္စများတွင် စာရင်းဇယားများသေချာအောင် စစ်ဆေးပြီးမှ ဆောင်ရွက်ပါ။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

July 9th မှ July 15th ကြား

မူလဆုံးဖြတ်ချက်နှင့် လုပ်ဆောင်နေမှုများ မှန်ကန်လျှက်နှင့် တစ်ပါးသူစကားနားယောင်ခြင်း၊ အများသူငါလုပ်သကဲ့သို့ လိုက်လံလုပ်ကိုင်ခြင်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ အရာရာသတိနှင့် ဆောင်ရွက်ပါ။ အမှားအယွင်းအတိုက်အခံများကြုံမည်။ ဖြစ်လာသမျှပြဿနာများနှင့် ငွေကုန်များခြင်း၊ ဆုံးရှုံးခြင်းအလုံးစုံသည် တစ်ပါးသူစကားနားယောင်ခြင်းကြောင့်သာ ဖြစ်မည်။ အမည်ကို အလွဲသုံးစားလုပ်၍ ဒုက္ခပေးသောသူများနှင့် တွေ့မည်။ ဥပဒေနှင့် ငြိစွန်းတတ်သောကိစ္စများဖြစ်တတ်သည်။ မလိုအပ်သောပစ္စည်းများဝယ်ယူ၍ ငွေကုန်မည်။ အိမ်သို့ ဒုက္ခသည်ရောက်လာတတ်သည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

July 9th မှ July 15th ကြား

ရန်အတိုက်အခံများနှင့်ယှဉ်ပြီး အလုပ်ကိစ္စများ ဆောင်ရွက်ရမည်။ လွယ်လင့်တကူရခြင်း၊ ဖြစ်ခြင်းမရှိ။ ကျန်းမာရေးအညံ့ရှိမည်။ မိဘ အကြီးအကဲ၊ ဆွေမျိုးတို့၏ ကျန်းမာရေးကို ပိုမိုအလေးထား၍ ဂရုစိုက်ပါ။ အလောတကြီး ဆောင်ရွက်မှုမှန်သမျှရှောင်ပါ။ စိတ်မြန်လက်မြန် မရှိသင့်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ မယုံစားသင့်။ အရာရာ ခေါင်းအေးအေး စိတ်အေးလက်အေး ဆောင်ရွက်ပါ။ ဆုံးဖြတ်ချက်ချမှတ်ကာနီးတိုင်း အပြန်ပြန်အလှန်လှန် ထောင့်စေ့အောင် စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ငွေကြေးအပေးအယူကိစ္စများ၊ ကတိစာချုပ် လက်မှတ်ထိုးခြင်းများတွင် သက်သေအနေနှင့် ကြားဝင်လက်မှတ်ထိုးခြင်း၊ တာဝန်ယူခြင်း မပြုသင့်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ မဝယ်ယူသင့်။ အဝယ်မှားတတ်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

July 9th မှ July 15th ကြား

ပြဿနာအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့မည်။ ရှောင်လွှဲ၍ မရလောက်သော ထိပ်တိုက်ရင်ဆိုင်ရခြင်းများနှင့် ကြုံမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ချောက်တွန်းခံရတတ်သည်။ ရှောင်လွှဲ၍ မရသော ဖြေရှင်းရခြင်းများကြုံမည်။ ပြဿနာဟောင်းများ အသစ်သဖွယ်ပြန်ပေါ်မည်။ အလောတကြီး ဆောင်ရွက်ခြင်းများကြောင့် ဆုံးဖြတ်ချက်များ မှားယွင်းတတ်သည်။ အရပ်ဝေးသို့ သွားရောက်သူများ ပြန်လာမည်။ အိမ်တွင်းရေးပြဿနာများရှိမည်။ မိသားစု မောင်နှမသားချင်းများအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရမည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဖွဲ့ကြိုးခြင်းဖြင့် အခက်အခဲများကို ဖြေရှင်းရမည်။ အပျောက်အရှ၊ အကုန်အကျများမည်။ ပစ္စည်းလှောင်ခြင်း၊ စျေးကစားခြင်းမပြုရ။ လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စ အလုံးစုံတွင် ကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

July 9th မှ July 15th ကြား

ကောင်းသောအကူအညီနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သူများရှိမည်။ ဆုံးဖြတ်ထားသည့်ကိစ္စများ အပေါ်ရှေ့တိုးဆောင်ရွက်လုပ်ကိုင်သင့်သည်။ မိတ်ဆွေကောင်းများ တိုးမည်။ ကူညီသူများပေါ်မည်။ ပေါ်ပေါက်လာသော အပြောင်းအလဲနှင့် လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ပြီး အောင်မြင်တိုးတက်မှုများ အဆင့်ဆင့်ရမည်။ ငွေကြေးကိစ္စရပိုင်ခွင့်နှင့် ပတ်သက်၍ ပြောဆိုခြင်းများ အောင်မြင်မည်။ ဆုံးဖြတ်ချက်ခိုင်မာစွာချမှတ်ပြီး ဆောင်ရွက်မှုများမှ တိုးတက်မှုများရမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲထံမှ အထောက်အကူကောင်းများရမည်။ ပိုင်ဆိုင်မှုများတိုးပွားမည်။ ပေါ်ပေါက်လာသော အကြံဉာဏ်နှင့် အလုပ်စီးပွား တိုးတက်မှုများ အခိုင်အမာရရှိမည်။ စန်းအရှိန်အဝါနှင့် ပီယမြင့်မားမည်။ တစ်ချိန်တည်းစိတ်ပျံ့လွင့်မည်။ ထို့ကြောင့် အချစ်ရေးကိစ

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

July 9th မှ July 15th ကြား

အတိုက်အခံကြားမှ တိုးတက်မည်။ အခက်အခဲများကို ဖြေရှင်းနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ရန်များမည်။ မနာလိုသူများနှင့် ထိပ်တိုက်တွေ့မည်။ ပြဿနာများ၊ အခက်အခဲများနှင့် ရင်ဆိုင်ရကိန်းရှိမည်။ မိမိလူမှုရေး၊ အိမ်ထောင်ရေးကိစ္စကို အကြောင်းပြု၍ စိတ်အနှောင့်အယှက်များဖြစ်မည်။ အနီးကပ်လူများ ကြောင့် စိတ်အနှောင့်အယှက်များ တစ်ခုပြီးတစ်ခုကြုံမည်။ ဒုက္ခပေးသူများကြားမှ တက်လမ်းများ ရှာဖွေရမည်။ မတော်တဆ ထိခိုက်မှုအန္တရယ်များ ဂရုစိုက်ပါ။ လုပ်ငန်းခွင်အတွင်း မနာလိုသူများ၊ အပြိုင်အဆိုင်များနှင့် ကြုံပြီး ခက်ခဲသော ကိစ္စများ ဖြစ်ပေါ်လာနိုင်မည်။ တစ်ပါးသူယာဉ်ကားယှင်မောင်နှင်ခြင်းမပြုရ။ အိတ်စိုက်လျော်ရကိန်းကြုံတတ်သည်။ အမည်အတွင်း (အ၊ ဥ၊ သ၊ ဟ) ပါသူများကြောင့် ပြဿနာဖြစ်တတ်သည်။

## အားကစား

# ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

# မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

# မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

# ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနှင်းနှင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## အိမ်ထောင်ပြုဖြစ်ခဲ့ရင် နေထိုင်ဖြစ်မယ့် ပုံစံကို ပြောပြတဲ့ အိန္ဒြာကျော်ဇင်

အိန္ဒြာကျော်ဇင် အိမ်ထောင်ပြု၊ မပြု သူ့ရဲ့ပရိသတ်က စိတ်ဝင်စားနေတာ ကြာပါပြီ။ အိန္ဒြာကျော်ဇင်က အိမ်ထောင်ပြုဖြစ်ခဲ့ရင် ဘယ်လိုနေထိုင်မယ်ဆိုတဲ့ ကြိုတင်စိတ်ကူးကို အခုလို ပြောပြပါတယ်။ "မိန်းကလေးဆိုတာကတော့ အိမ်ထောင်ကျပြီးသည်ဖြစ်စေ၊ မကျရသေးဘူးဖြစ်စေ၊ သပ်သပ်ရပ်ရပ်လေးတော့ နေသင့်တယ်လို့ ထင်တယ်။ မိန်းကလေးတစ်ယောက်က အဲဒါမှ ကြည့်လို့ကောင်းမှာလေ။ ဒါပေမဲ့ အိမ်ထောင်ကျပြီးသွားရင်တော့ ပိုပြီးဂရုစိုက်ရမယ်။ သူကပိုပြီး တခြားစီးပွားရေး၊ အိမ်ထောင်ရေးကိစ္စတွေ များသွားတဲ့အခါကျတော့ တချို့မိန်းကလေးတွေဆိုရင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့ သိပ်ပြီး မလုပ်နိုင်တော့ဘူး။ မအားတဲ့ကြားထဲက ပိုပြီးတော့ ဂရုစိုက်သင့်တယ်လို့ အူဝဲထင်တယ်။ အူဝဲက နဂိုကတည်းက ပြင်ပြင်ဆင်ဆင်နေတတ်တယ်ဆိုတော့ ယောကျ်ားယူပြီးသွားရင်လည်း ဒီလိုပဲ ပြင်ပြင်ဆင်ဆင်နေဖြစ်မယ်ထင်တယ် (ရယ်လျက်)" ဟု အိန္ဒြာကျော်ဇင်က ပြောပြပါတယ်။ "ဒါ့အပြင် အိမ်မှာ နေရင်လည်း သပ်သပ်ရပ်ရပ်ကလေးနေဖို့လိုတယ်။ အရမ်းကြီး ပြင်ဆင်တာမျိုးကို ပြောတာမဟုတ်ဘူးလေ။ သဘောက ထဘီစွန်တောင်ဆွဲပြီးနေတာမျိုးကတော့ မကောင်းဘူးပေါ့။ ဒါမျိုးကို ပြောတာပါ"လို့ ထပ်မံပြောပါတယ်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် Popular News ဂျာနယ်)

## အနုပညာက ကိုယ့်အတွက်ကောင်းမယ်ဆိုရင် လုပ်မှာပါဆိုတဲ့ စန္ဒီမြင့်လွင်

Hip Hop လောကမှာ ထူးထူးခြားခြား အမျိုးသမီးအဆိုရှင်တစ်ယောက်အနေနဲ့ မိမိရဲ့အနုပညာပန်းတိုင်းကို လျှောက်လှမ်းနေတဲ့ စန္ဒီမြင့်လွင်ကို သူမရဲ့ တစ်ကိုယ်တော်စီးရီးနဲ့ပတ်သက်ပြီး အခြေအနေလေးတွေမေးကြည့်ဖြစ်တော့ "သမီးရဲ့ ဆေးရောင်လှလှခြယ်ရအောင် စီးရီးအတွက် ဗွီစီဒီရိုက်နေပါတယ်။ သမီးရဲ့အခွေက ပရိသတ်အားပေးမှု နံပါတ်တစ်မှာရှိနေပါတယ်။ နောက်ပြီး လူငယ်တွေကြားမှာဆို အရမ်းကြိုက်ကြပါတယ်။ ဗွီစီဒီကိုတော့ သမီးလုပ်ထားတာလေးတွေထွက်လာမှသာ ကြည့်ပါလို့ပြောချင်ပါတယ်"တဲ့။ သူမက တစ်ကိုယ်တော်အခွေအတွက် လုပ်နေတဲ့အပြင် မိုးတွင်းကာလမှာလဲ ရန်ကုန်နဲ့ နယ်တွေမှာပါ ရှိုးတွေလိုက်ဆိုနေကြပါတယ်တဲ့။ ဒါ့အပြင် စက်တင်ဘာလမှာလဲ မလေးရှားနိုင်ငံကို သွားရောက်သီဆိုဖျော်ဖြေဖို့ ရှိနေပါသတဲ့။ တကယ့်ကို မအားလပ်နိုင်အောင်ဖြစ်နေပါတယ်။ ပြည်ပမှာ သွားရောက်ဖျော်ဖြေတဲ့ပုံစံလေးတွေကတော့ "ပြည်ပသွားပြီး ဖျော်ဖြေရတဲ့အခါမှာ ပရိသတ်ပေါ်မူတည်ပြီး သီဆိုရပါတယ်။ ပရိသတ်အေးရင် အေးသလို၊ ပရိသတ်ဆူရင် ဆူသလို Performent ကို လုပ်ရပါတယ်။ ပြည်ပရှိုးတွေဆိုဖို့အတွက် နိုင်ငံခြားရှိုးတွေကြည့်ဖြစ်ပြီး အားလုံးဆီက အတုယူပါတယ်"လို့ ဆိုပါတယ်။ အဆိုဘက်မှာ ပိုအားသန်တဲ့စန္ဒီမြင့်လွင် သရုပ်ဆောင်ဘက်ကိုလည်း လက်မလွှတ်ပါဘူးတဲ့။ အားလုံးကို ညီမျှအောင်လုပ်မှာပါတဲ့။ သူမရဲ့ဘဝမှာ အရေးပါဆုံးနဲ့အလိုအပ်ဆုံးက အနုပညာဖြစ်နေတဲ့အတွက် အနုပညာကို ကိုယ့်အတွက်ကောင်းမယ်ဆိုရင် လုပ်မှာပဲလို့ဆိုပါတယ်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၈ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## ဓါတ်ပုံရိုက်တဲ့ဖီလင်ပြောပြလာတဲ့ သင်ဇာဝင့်ကျော်

မေး - သင်ဇာဓာတ်ပုံတွေ ခဏခဏ ရိုက်ဖြစ်နေမှာပဲနော်။ အဲဒီလိုရိုက်တဲ့အခါတိုင်း ဖြစ်ပေါ်တဲ့ ဖီလင်လေးကို ပြောပြပါဦး။

ဖြေ - ဟုတ်ကဲ့။ ဓာတ်ပုံကတော့ ကြော်ငြာအတွက်ပဲဖြစ်ဖြစ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ အလှကဏ္ဍအတွက်ပဲဖြစ်ဖြစ် ရိုက်ဖြစ်နေတာပါပဲ။ ရိုက်တဲ့အခါမှာ ငါ့ပုံစံလေးကို ပရိသတ်တွေ ဖက်ရှင်တကျ လှလှပပမြင်ချင်ကြမှာပဲဆိုတဲ့ အတွေးလေးတွေးပြီး ရိုက်ပါတယ်။ ဖီလင်ကတော့ ပျော်လည်းပျော်တယ်။ ပေါ့ပေါ့ပါးပါးလေးလည်းဖြစ်ပါတယ်။

မေး - ပေါ့ပေါ့ပါးပါးဆိုလို့ မေးကြည့်မယ်နော်။ တချို့က ဓာတ်ပုံရိုက်တဲ့အခါမှာ အိုက်တင်တွေထပ်မှာစိုးလို့ဆိုပြီး စိုးရိမ်ရင်းနဲ့ မွန်းကျပ်လာကြတယ်လို့ပြောကြတယ်။ သင်ဇာက ဓာတ်ပုံအရိုက်များတဲ့အတွေ့အကြုံအရ ပေါ့ပေါ့ပါးပါးဖြစ်လာတာလား။

ဖြေ - အတွေ့အကြုံများလို့ ပေါ့ပေါ့ပါးပါးဖြစ်လာတာမျိုးတော့မဟုတ်ပါဘူး။ ကိုယ်ကလည်း သရုပ်ဆောင်မှုကို ဝါသနာပါသူဆိုတော့ ဇာတ်ရုပ်တွေမှာ သရုပ်ဆောင်ရလည်းမွန်းကျပ်မနေဘဲ ပေါ့ပေါ့ပါးပါးစိတ်ထားပြီး အကောင်းဆုံးသရုပ်ဆောင်ပါတယ်။ ဒီလိုပါပဲ ဓာတ်ပုံရိုက်တာကလည်း သရုပ်ဆောင်မှုအနုပညာတစ်ခုပဲလေ။ ဓာတ်ပုံရိုက်တဲ့အခါ သရုပ်ဆောင်နေတယ်လို့ သဘောထားပြီး အိုင်တင်တွေပြောင်းရင်း သရုပ်ဆောင်လိုက်ပါတယ်။ ဒါပေမယ့် အရင်ကနဲ့ခုက နည်းနည်းကွာခြားသွားပါပြီ။

မေး - ဘယ်လိုကွာခြားမှုပါလဲ။ ပြောပြပါဦး။

ဖြေ - ဒီလိုပါပဲ။ အရင်ကကျတော့ သရုပ်ဆောင်ရင်ပဲဖြစ်ဖြစ်၊ ဓာတ်ပုံရိုက်ရင်ပဲဖြစ်ဖြစ် စိုးရိမ်မှုလေးတွေရှိတာပေါ့။ ။ ခုတော့ အတွေ့အကြုံအရ စိုးရိမ်မှုလျော့သွားပါတယ်။ အဲဒီကွာခြားမှုကို ပြောချင်တာပါ။

မေး - ဒါနဲ့ သင်ဇာဝင့်ကျော်ဖက်ရှင်ဆိုပြီး ပရိသတ်တွေ သတိထားမိတဲ့ ဖက်ရှင်မျိုးတွေလည်းရှိတယ်နော်။ ကိုယ့်ဘက်က ဖက်ရှင်ပိုင်းအမြဲလန်းနေအောင် ဘယ်လိုပြင်ဆင်ဖြစ်ပါသလဲ။

ဖြေ - ဖက်ရှင်ကတော့ အမြဲလန်းနေအောင်ကိုဝတ်ပါတယ်။ ခေတ်နဲ့အညီပြင်ဆင်ပါတယ်။ ကိုယ်က အနုပညာရှင်ဖြစ်လို့မဟုတ်ပါဘူး။ လူငယ်တစ်ယောက်ဖြစ်လို့ ဖက်ရှင်တွေကို စိတ်ဝင်စားတယ်။ ကိုယ့်ကိုယ်ကိုယ် စမတ်ကျပြီး လှပဆန်းသစ်တဲ့ ဖက်ရှင်မျိုးကို အမြဲရွေးချယ်ပြီးဝတ်ဆင်ဖြစ်ပါတယ်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၁၁ရက်နေ့ထုတ် 24/7 News ဂျာနယ်)

မေး- ခွဲစိတ်ပြုပြင်လိုက်တော့ နေရထိုင်ရတာ ကိုယ့်ကိုယ်ကိုယ် ပိုယုံကြည့်မှုရှိလာတယ်လို့ ခံစားရလား။

ဖြေ- ကိုယ်ကလှချင်လို့ လုပ်တာပဲလေ။ လူတွေက လှလာတယ်လို့ ပြောတော့ ပျော်တာပေါ့နော်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက ထူးထူးခြားခြားကြီးပြောင်းလဲသွားတာတော့ မရှိပါဘူး။

မေး- ဒါဆို ဘုရားပေးတဲ့အတိုင်းပဲ ကောင်းပါတယ်ဆိုပြီး ခွဲစိတ်ရမှာ ဓာကာက်နေတဲ့သူတွေကို ဘာပြောချင်လဲ။

ဖြေ- မလုပ်ရဲဘူးဆိုတဲ့ သူတွေကိုတော့ ကိုယ်ကလှချင်တယ်ဆိုတော့ အနာခံ။ အနာခံမှ လှမယ်ဆိုရင်တော့ အနာခံရမှာပေါ့။ ဆိုင်းဇီလည်း ကြောက်တာပဲလေ . . . နော်။

မေး- ဒါဆို နောက်ထပ်ဘယ်အစိတ်အပိုင်းတွေ ပြုပြင်ချင်သေးလဲ။

ဖြေ- ဟင့်အင်း . . ။ တော်ပါပြီ။ ဒါတောင် ကြောက်ရဲ့သားနဲ့ မနည်းကြိတ်မှိတ်လုပ်ခဲ့ရတာ။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်)